မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၁ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ ဂျွန် အီဗန်စ်အက်တာမေးလ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပျဉ်းမနား-ပင်လောင်းလမ်း လမ်းသားအကျယ်ချဲ့ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။

နေပြည်တော် ပျဉ်းမနား-ပင်လောင်း(ကိုးကွေ့ - ယင်းမို)တောင်ပေါ်ကားလမ်း တိုးချဲ့နေ

လမ်းခရီးတစ်လျှောက် ခရီးသွားရင်းအပန်းဖြေနိုင်သည့် ရေပူစမ်းနှင့် ရေတံခွန်များ၊ အမြင့်ဆုံးကြိုးတံတားကြီးနှင့် တောတောင်အလှအပရှုခင်းများ တွေ့မြင်ခံစားနိုင်

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
➢ ဓာတ်ပုံ - ကျော်မိုးလွင်

နေပြည်တော် မတ် ၅

၁၂-၂-၂၀၁၁ ရက်နေ့ နံနက်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကျွန်တော်စီးနင်းလိုက်ပါလာသော ဂျက်လေယာဉ်ကြီးသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ နေပြည်တော်သို့ ရောက်ရှိသော်လည်း ကျွန်တော်၏ ခရီးစဉ်က မဆုံးသေးပေ။ လမ်းအထူးအဖွဲ့(၁၃)က လာကြိုသော လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ထွေးနှင့်အတူ ကားတစ်စီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာလာခဲ့ပြီး ရန်ကုန်-ပဲခူး-မန္တလေးလမ်းမကြီးအနီး ပျဉ်းမနား - ကင်းသာလမ်းဆုံမှ ပင်လောင်းသို့ ၆၈ မိုင် ၇ ဖာလုံဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ခရီးဆက်ခဲ့ပါတော့သည်။

ဝမ်းသာကြည်နူး

ဤလမ်းနှင့် ဤခရီးကို ကျွန်တော်သည် ၂၀၁၀ခုနှစ် ဇူလိုင်လ အတွင်း ကင်းသာ-ကိုးကွေ့လမ်းမိုင် မိုင်၂၀၊ ၃ဖာလုံဖွင့်စဉ်က လိန်းလီအထိ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ပျဉ်းမနား-ပင်လောင်းလမ်းပေါ်တွင် မြန်မာနိုင်ငံ၌ အမြင့်ဆုံး လိန်းလီကြိုးတံတားကြီးကို ဤသို့တွေ့ခဲ့ရသည်။

6-3 (01).pmd 1 3/6/2011, 2:33 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၆ ရက်)

ရေသယံဇာတပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသော အမွေအနှစ်များဖြစ်သည့် ရေအရင်းအမြစ်၊ မြေအရင်းအမြစ်များတည်ရှိနေသည်။ ယင်းအရင်းအမြစ်များကို အသုံးပြု၍ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ သားငါးစားသုံးမှုအပြည့်အဝရရှိရေး၊ ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ပို့နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်တို့ကို မြစ်၊ ချောင်း၊ ပင်လယ်များမှ ဖမ်းဆီးခြင်း၊ မွေးမြူရေးကန်များဖြင့် မွေးမြူခြင်းတို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ပြုပေးလျက်ရှိသည်။

ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းများ ပြုပြင်ထုတ်လုပ်ရေးစက်ရုံများက ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးသည်သာမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ပြည်ပသို့ တင်ပို့ရောင်းချရာ၌ အကောင်လိုက် တင်ပို့ရောင်းချသည့်လုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ပြီး တင်ပို့ရောင်းချသည့် လုပ်ငန်းတို့ရှိကြသည်။

ယနေ့အချိန်တွင် ခေတ်မီငါးမွေးမြူရေးနည်းစနစ်များကို အသုံးပြုလာခြင်းကြောင့် ငါးမျိုးကောင်းမျိုးသန့်များ ရရှိလာခဲ့သည်။ ငါးမျိုးကောင်းမျိုးသန့်များကို ခေတ်မီနည်းစနစ်များဖြင့် သားဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လာခဲ့ကြသည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ငါး၊ ပုစွန်တို့သည် ပြည်ပဈေးကွက်ဝင် ရေထွက်ပစ္စည်းများဖြစ်ကြသည်။ မြန်မာနိုင်ငံသည် ရေသယံဇာတများ ပေါကြွယ်ဝသည့်အလျောက် မြန်မာ့ရေထွက်ကုန်ပစ္စည်းများသည် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပဈေးကွက်သို့ပါ တင်ပို့နိုင်ခဲ့သည်။

သို့ဖြစ်ရာ ရေသယံဇာတပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းစနစ်များနှင့်အတူ လုပ်ငန်းရှင်တို့၏ လုံ့လဝီရိယစိုက်ထုတ်မှုအားများဖြင့် ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်မှုထမ်းဟောင်းအိမ်ရာ လွှဲပြောင်းပေးအပ်ပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တက်ရောက်

နေပြည်တော် မတ် ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မြိတ်မြို့ ကုန်းပေါက်ရပ်ကွက်၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အိမ်ရာနေထိုင်ခွင့်လက်မှတ်များနှင့် အခြေခံစားကုန်များ ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက အိမ်ရာကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အိမ်ရာလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားမှတ်တမ်းကျောက်ပြားကို ... [unclear] မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အိမ်ရာလူနေအိမ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေပညာစာကြည့်တိုက် မှော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန် မတ် ၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျှက်ကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ ရွှေပညာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သီတာဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းရွှေနှင့် ရပ်မိရပ်ဖ ဦးညိုခဲတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စာအုပ်စာစောင် အုပ်ရေ ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းရွှေက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး
ဘားအံမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ဘားအံ မတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် ၂၀၁၁ ခုနှစ် မြေတိုင်းစီမံချက်အရ ဘားအံမြို့နယ်တွင် ကွင်းပေါင်း ၁၀ ကွင်းကို မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်က လှာကဒေါင် ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၇၃-ခ) ခလောက်နွတ်တောင်ကွင်း၌ မြို့နယ်မြေစာရင်းကွင်းဝန်ထမ်းများက Total Station ဖြင့် ကွက်ကြဲတိုင်းတာခြင်း ဆောင်ရွက်နေသောလုပ်ငန်းခွင်သို့ ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်အောင်၊ ခရိုင်ဦးစီးဌာနမှူး ဦးမင်းချစ်မောင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသက်တင် (အပေါ်ပုံ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်မြေစာရင်း)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မူလတန်းကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြိုကျောင်းပေါင်းစုံပဒေသာကပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲကို မတ် ၃ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များက အဖွဲ့လိုက်ဖျော်ဖြေ တင်ဆက်ကြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးနှင့် ဧည့်သည်တော်များ၊ တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ)(မြန်မာ့အလင်း)

ရေကန်တည်ဆောက်

ရပ်စောက်မြို့နယ် အောင်မြေအင်းကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသောင်းညွှန့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ဇလွန်မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ အသင်းဝင် မိသားစုများ၊ ၂၀၁၀ ခုနှစ်အတွင်း တက္ကသိုလ်ပါရဂူဘွဲ့ရ ဇလွန်မြို့နယ်သူ မြို့နယ်သားများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဇလွန်မြို့နယ် အသင်းဝင်များ၏ သား သမီးများ အထောက်အထားများနှင့်အတူ မတ် ၁၃ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပြီး လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့် (ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိမ်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၃၄၉၊ အတွင်းရေးမှူးများဖြစ်သော ဦးအေးကျော် ဖုန်း-၇၃၀-၀၃၄၆၄၊ ၀၉-၅၁၅၈၂၄၃၊ ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄၊ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၃၃၁၆ နှင့် ဘဏ္ဍာရေးမှူး ဦးကံထွန်း ဖုန်း-၇၃၀-၁၂၄၅၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။
(မြန်မာ့အလင်း)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၅

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက မိမိတို့ခရိုင်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်ကပ်လှူဒါန်း

တိုင်းမှူးသည် မတ် ၁ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၌ကျင်းပသည့် ဆဋ္ဌအကြိမ် တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရာ ဆရာတော်၊ သံဃာတော်များက ဩဝါဒကထာ မြွက်ကြားတော်မူကြပြီး တိုင်းမှူးက သာသနာရေးဆိုင်ရာများလျှောက်ထားကာ သင်္ကန်းပရိက္ခရာများ ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် နွေစပါးပျိုးထောင်နည်း သရုပ်ပြ

ရမည်းသင်း မတ် ၅

ရမည်းသင်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါး ပလတ်စတစ်ဆန်ခါပိုက် အသုံးပြု ပျိုးထောင်ပြသပွဲကို ရွှေဒါးကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၉၂/ခ) ဦးပိုင်အမှတ်(၂၉) တောင်သူဦးသန်းရွှေနှင့် ဦးတင်အောင်တို့၏ လယ်ကွက်တွင် ဖေဖော်ဝါရီ ၂ရက် နံနက်က ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေး

အဆိုပါ ပျိုးထောင် ပြသပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဦးထူးလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း နွေစပါးတွင် သက်လျှင် အထွက်ကောင်းမျိုးများ အသုံးပြုစိုက်ပျိုးရေး၊ တစ်ဧက အထွက်နှုန်းတိုးရေးအတွက် စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ သွင်းအားစုဖြစ်သော ယူရီးယားဓာတ်မြေဩဇာ စနစ်တကျအသုံးပြုရေး၊ ဆည်၊ ကန်များမှရေကို အလေအလွင့်မရှိ အသုံးပြုစိုက်ပျိုးရေး၊ ပလတ်စတစ်ဆန်ခါပိုက် အသုံးပြုပျိုးထောင်စိုက်ပျိုးခြင်းဖြင့် တစ်ဧကေကုန်ကျစရိတ်နှင့် တောင်သူအတွက် အကျိုးအမြတ်များ အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများအား စိုက်ပျိုးရေးဝန်ထမ်းများက ပလတ်စတစ်ဆန်ခါပိုက်အသုံးပြု စပါးပျိုးထောင်နည်းကို လက်တွေ့သရုပ်ပြရှင်းလင်းကြသည်။ ၂၀၁၀-၂၀၁၁ခုနှစ် ရမည်းသင်းမြို့နယ်၏ နွေစပါးစိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်မှာ ဧက ၂၀၃၀ ဖြစ်ကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ညှိနှိုင်းစည်းဝေး

ပြည် မတ် ၅

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) ဗဟို အထွေထွေအတွင်းရေးမှူး ဦးစောငွေနှင့် (PROJECT) ဒါရိုက်တာ ဒေါက်တာမောင်မောင်လွင်တို့သည် မတ် ၃ ရက် နံနက် ၈ နာရီက ပြည်မြို့တွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း အလုပ်အမှုဆောင်များနှင့် ပူးပေါင်းကာ ၂၀၁၁ခုနှစ် ဒုတိယ သုံးလပတ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ မိခင်မှသန္ဓေသားသို့ ကူးစက်မှုကာကွယ်ရေး ပညာပေးအစီအစဉ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးကြသည်။

ဖွင့်လှစ်ပို့ချ

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး သင်တန်းကို ပြည်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း)**

စာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန် မတ် ၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ ပညာပျော်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၂ရက် မွန်းလွဲ ၂နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် ရပ်မိရပ်ဖ ဦးသန်းငွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် အုပ်ရေ ၁၅၀ နှင့် ရေဒီယိုတစ်လုံး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သတင်းစာခြောက်လစာ၊ ဒို့ကျေးရွာစာစောင် ခြောက်လစာနှင့် ကျေးရွာစေတနာရှင်ပြည်သူများက စာအုပ်စာစောင် အုပ်ရေ ၃၅၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ စာကြည့်တိုက်အဆောက်အအုံ အမျိုးအစားမှာ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး အကျယ်အဝန်းမှာ (၂၁×၁၄)ပေရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆုချီးမြှင့်

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၄၆) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုအေးက တတိယတန်း ဘက်စုံထူးချွန် ပထမဆုနှင့် မြို့နယ်အဆင့် တတိယတန်း အင်္ဂလိပ်စာ ထူးချွန်ဆုရကျောင်းသူ မဒီဗိုးရာလတိန်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

၂၀ရာစု ကမ္ဘာစစ်ပွဲကြီးများသမိုင်းနှင့် စစ်အေးကာလဖြစ်ရပ်များအကြောင်း စာအုပ်ထွက်ရှိ

ရန်ကုန် မတ် ၅



အမျိုးသားစာပေဆုရ ဆရာကြီး ဦးဖေသိန်း (B.Sc Engg. Electrical) (လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပညာကျမ်းပြုဆရာကြီး)ရေးသားထားသော ၂၀ရာစုကမ္ဘာစစ်ပွဲကြီးများသမိုင်းနှင့် စစ်အေးကာလဖြစ်ရပ်များအကြောင်း (အကျဉ်းချုပ်) ၁၉၁၄-၁၉၉၂ စာအုပ် (ပထမတွဲ)နှင့် (ဒုတိယတွဲ) စာအုပ်များ ထွက်ရှိလာသည်။ **(ယာပုံ)**

အဆိုပါစာအုပ်(ပထမတွဲ)တွင် စစ်ကြိုနှင့်စစ်ကာလများအတွင်း ကမ္ဘာ့အရေးအရာများကို ခြယ်လှယ်ဖန်တီးဖော်ဆောင်ခဲ့ကြသည့် အင်အားကြီးလေးနိုင်ငံဖြစ်ကြသည့် ရုရှား၊ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများ၏ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးအကြောင်းများကို ပြည့်ပြည့်စုံစုံဖော်ပြထားသည်။

(ဒုတိယတွဲ)စာအုပ်တွင် ကြောက်မက်ဖွယ်ရာကောင်းသည့် ပထမကမ္ဘာစစ်ကြီးမျိုး ထပ်မံမဖြစ်ပွားစေရေး ရည်မှန်းချက်နှင့် စစ်နိုင်အုပ်စုများက ဦးဆောင်ပြီး နိုင်ငံပေါင်းစုံအဖွဲ့ချုပ်ကြီးကိုဖွဲ့ကြောင်း၊ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံအချင်းချင်း ကျူးကျော်တိုက်ခိုက်မှုမဖြစ်စေရေး အဓိကထားသော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း ဖော်ပြထားသည့်အပြင် ကမ္ဘာအရှေ့ပိုင်း ဂျပန်၏အောင်ပွဲများ၊ ဂျပန်များစစ်ရှုံးချိန် ကမ္ဘာစစ်ကြီးအပြီး စစ်အေးတိုက်ပွဲများ၊ နောက်ဆက်တွဲနှင့် ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်ကြီးများ၏ရုပ်ပုံ(၇၀)ခန့်၊ သမိုင်းဝင်စစ်ဆင်ရေးမြေပုံ(၂၀)ကျော်၊ စစ်ရေးစစ်ရာရုပ်ပုံ၊ ဓာတ်ပုံများစွာကို ဝေဝေဆာဆာ ဖော်ပြထားသည်။

အဆိုပါစာအုပ်(ပထမတွဲ)နှင့်(ဒုတိယတွဲ)ကို ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၁၈၆၈နှင့် ၅၇၇၄၀၄ ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် သစ္စာလမ်းမကြီး အမှတ်(၁၉၂)ရှိ လျှပ်စစ်စာပေမှထုတ်ဝေပြီး တန်ဖိုးမှာ (ပထမတွဲ)စာအုပ် တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀နှင့် (ဒုတိယတွဲ)စာအုပ် တစ်အုပ်လျှင် ငွေကျပ် ၄၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

စာအုပ်များ မှာယူလိုပါက ရန်ကင်းစာတိုက်၊ ကမ္ဘောဇဘဏ်(ဗဟန်း)နှင့် ရိုးမဘဏ်(ရန်ကင်း)တို့တွင် ကျသင့်ငွေလွှဲပို့ပေးပါက စာအုပ်များအမြန်ဆုံးပို့ပေးမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ **(သတင်းစဉ်)**

မြေယာရှုခင်း

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဟိုပင်မြို့ အဝင်ဆိုင်းဘုတ် မြေယာရှုခင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိမ်ရာနှင့် အဆောက်အအုံပြပွဲတွင် AUX လေအေးပေး စက်များ ပြသ

ရန်ကုန် မတ် ၅

AUX လေအေးပေးစက်များကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၃ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၁၁ခုနှစ် အိမ်ရာနှင့် အဆောက်အအုံပြပွဲတွင် ပါဝင်ခင်းကျင်းပြသလျက်ရှိရာ AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့အပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air-Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့်ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိကြောင်း သိရသည်။

AUX အမှတ်တံဆိပ်လေအေးပေးစက်များကို လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Asia Co., Ltd. အမှတ် ၂၂၅ အနော်ရထာလမ်း (၁၁)လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊ ၂၁၈၀၂၁နှင့် Fax:၀၀၉၅-၁-၂၂၈၃၈၄ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တရုတ်လေလံပွဲ၌ တံဆိပ်ခေါင်းတစ်စုံ ဒေါ်လာတစ်သန်းကျော်ရရှိ

ပေကျင်း မတ် ၅

တရုတ်နိုင်ငံယဉ်ကျေးမှု တော်လှန်ရေးခေတ်က ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းလေးခုပါတစ်စုံကို**(အောက်ဝဲပုံ)** ဟောင်ကောင်တွင် မတ် ၄ ရက်က လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ သန်း (ပေါင် ၇၀၈၀၀၀) ကျော် ရရှိခဲ့သည်။



ယင်းတံဆိပ်ခေါင်းသည် အသုံးမပြုရသေးသည့် တံဆိပ်ခေါင်းဖြစ်ပြီး ဟောင်ကောင်ရှိ တံဆိပ်ခေါင်းစုဆောင်းသူတစ်ဦးက ဝယ်ယူသိမ်းဆည်းထားခြင်းဖြစ်သည်။ လေလံပွဲတွင် အခြားပစ္စည်းအတွဲပေါင်း ၆၀၀ ခန့် လေလံတင်ခဲ့ပြီး တရုတ်ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီနှင့် ယဉ်ကျေးမှုတော်လှန်ရေးအပြီးတွင် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများပါဝင်သည်။

ယင်းတံဆိပ်ခေါင်းများကို တရုတ် (တိုင်ပေ)မှလည်း ရရှိခဲ့ခြင်းဖြစ်ပြီး တံဆိပ်ခေါင်းများ ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၁၂ သန်း ကျော်အထိ ရရှိခဲ့သည်။ ပြီးခဲ့သည့် နှစ်နှစ် သုံးနှစ်ခန့်ကထက် တံဆိပ်ခေါင်းရောင်းရငွေမှာ ရာခိုင်နှုန်း ၂၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။ ၄င်းတံဆိပ်ခေါင်းများမှာ ၁၉၉၇ ခုနှစ် တရုတ်တော်လှန်ရေး မတိုင်မီက တံဆိပ်ခေါင်း သုံးစုံအပါအဝင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်က တံဆိပ်ခေါင်းအချို့လည်း ပါဝင်သည်။ **(အင်တာနက်)**

ဂျပန်မာဇဒါကားများ ဈေးကွက်မှ ပြန်ရုပ်သိမ်းနေ

တိုကျို မတ် ၅

ဂျပန်နိုင်ငံက မြောက်အမေရိကနှင့် ဗဟိုအမေရိကနိုင်ငံဈေးကွက်များသို့ တင်ပို့ထားသော မာဇဒါကားအစီးရေ ၆၅၀၀၀ ကျော်ကို လောင်စာလည်ပတ်မှုစနစ်ချွတ်ယွင်းမှုကြောင့် ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ဂျပန်နိုင်ငံမှ မာဇဒါကားထုတ်လုပ်ရေးကုမ္ပဏီက မတ် ၅ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

တွေ့ရှိရ

လောင်စာဆီပေးပို့ရာတွင် ယိုစိမ့်မှုကဲ့သို့သော ပြဿနာများဖြစ်ပေါ်လာပြီး မီးလောင်မှုများဖြစ်ပွားနိုင်သည့်အပြင် လေဝင်လေထွက် တံခါးပေါက်အနားသတ်အောက်လိုင်းများတွင်လည်း ပြဿနာများရှိကြောင်း၊ စုစုပေါင်းအချက် ၂၀ခန့် လိုအပ်ချက်များတွေ့ရှိရကြောင်း သိရသည်။

မာဇဒါကားများကို ပြန်လည်စစ်ဆေးရန် လိုအပ်နေပြီး အစားထိုးပြုပြင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသို့ တင်ပို့ထားသည့် ၂၀၀၉-၂၀၁၀ ခုနှစ် ထုတ် မာဇဒါ-၆ မော်တော်ယာဉ်များကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်သည်။

ဖော်ပြ

ထို့အတူ မက္ကဆီကို၊ ပွာတိုရီကိုနှင့် ကနေဒါနိုင်ငံများသို့ တင်ပို့ထားသော မာဇဒါကားအစီး ၁၅၀၀၀ ကျော်ကိုလည်း ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြထားသည်။ **(အင်တာနက်)**

တောင်ကိုရီးယား၌ ဆိုင်ဘာတိုက်ခိုက်မှုများဖြစ်ပွားနေ

ဆိုးလ် မတ် ၅

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံ၏အဓိက ဝက်ဘ်ဆိုက်များ၌ ဆိုင်ဘာတိုက်ခိုက်မှုများ ခံနေရကြောင်း မတ် ၄ ရက်က အင်တာနက်သတင်းအရ သိရသည်။

အုပ်ချုပ်ရေးရာဝန်ကြီးဌာနများ၊ စစ်ဌာနချုပ်များ၊ ကိုရီးယားရှိ အမေရိကန်တပ်စခန်းများနှင့် ဘဏ်ကြီးများ၏ ဝက်ဘ်ဆိုက်များတွင် ဆိုင်ဘာတိုက်ခိုက်မှုများ ဝင်ရောက်လျက်ရှိသည်။

တိုက်ခိုက်သူများသည် ထိုဝက်ဘ်ဆိုက်များတွင် မမှန်မကန်ဖိုင်များ ထည့်သွင်း၍ တိုက်ခိုက်မှုများပြုလုပ်ခြင်း ဖြစ်သည်။ ယခုတိုက်ခိုက်မှုပုံစံသည် ၂၀၀၉ ဇူလိုင်လအတွင်းက တောင်ကိုရီးယားရှိ ဝက်ဘ်ဆိုက်များ တိုက်ခိုက်ခံရသည့် ပုံစံနှင့် ဆင်တူကြောင်း သိရသည်။ ဘဏ္ဍာရေးကော်မရှင်၏ ဝက်ဘ်ဆိုက်စာမျက်နှာသည်လည်း တိုက်ခိုက်မှုခံရသည်။

ဖွင့်လှစ်ခဲ့

ယင်းတိုက်ခိုက်မှုကြောင့် အွန်လိုင်းစတော့ ကုန်သွယ်မှုစနစ်ကို မိနစ်အနည်းငယ်ကြာ ယာယီပိတ်ထားခဲ့ရပြီးမှ ပြန်လည်ဖွင့်လှစ်ခဲ့ရကြောင်း အစိုးရ သတင်းအရင်းအမြစ်များအရ သိရသည်။ (အင်တာနက်)

ကိုလံဘီယာရှိ ဘဏ်တစ်ခုအတွင်း ရဟတ်ယာဉ်ဖြင့် အပိုင်စီး

ကာလိုတို မတ် ၅

ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်း ကာလိုတိုမြို့တွင် ရဟတ်ယာဉ်တစ်စင်းဖြင့် ဘဏ်အတွင်း စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က မတ် ၄ ရက်၌ ပြောကြားသည်။

ဘဏ်ကိုအပိုင်စီးတိုက်ခိုက်မည့် သေနတ်သမားများသည် ကာလိုတိုမြို့ရှိ ဘဏ်အနီးရဟတ်ယာဉ်ဖြင့် ဆင်းသက်လာပြီးနောက် ဘဏ်အတွင်း ရုတ်တရက်ဝင်ရောက်ကာ သေနတ်ဖြင့်ပစ်ခတ်၍ အပိုင်စီးခဲ့ပြီး ငွေများသိမ်းယူ၍ ရဟတ်ယာဉ်ဖြင့် လွတ်မြောက်သွားခဲ့ကြသည်။

ပြောကြား

ထိုသို့ပစ်ခတ်မှုကြောင့် ဘဏ်လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့အရာရှိ လေးဦးနှင့် အရပ်သားနှစ်ဦးတို့သေဆုံးခဲ့ကြသည်။ ဘဏ်အတွင်း အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်သူများမှာ ကိုလံဘီယာနိုင်ငံရှိ လက်ဝဲစွန်းရောက် အကြီးဆုံး အကြမ်းဖက်သမားအုပ်စုဖြစ်သည့် အက်ဖ်အေအာစီ အက်စ်မှဖြစ်ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့ အကြီးအကဲ အော်စကာနာရန်ဂျိုက ပြောကြားသည်။

ထိုသို့ ဘဏ်အတွင်း တိုက်ခိုက်မှုမဖြစ်ပွားမီ တစ်ရက်ကလည်း အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ကာလိုတိုမြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(ယာပုံ)** **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➢ မိုးမြင့်လင်းလက် - ရေးသားသည် ➣

လူမပါသည့် အာကာသယာဉ် လွှတ်တင်မည်

ပေကျင်း မတ် ၅

အမေရိကန်နိုင်ငံက လူလိုက်ပါခြင်းမရှိသည့် အာကာသယာဉ် X-3713 ကို မကြာမီ လွှတ်တင်ရန် စီစဉ်နေကြောင်း အမေရိကန် အာကာသရေးရာ အရာရှိများက မတ် ၅ ရက်၌ ပြောကြားသည်။

စီစဉ်ထား

၄င်းအာကာသယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ် အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ အက်လက်-၅ ဒုံးပျံတစ်စင်း၏ အကူအညီဖြင့် အာကာသအတွင်းသို့ လွှတ်တင်ရန် စီစဉ်ထားသည်။ အဆိုပါ အာကာသယာဉ်**(အပေါ်ယာပုံ)**ကို ဘိုးရင်းကုမ္ပဏီက ကယ်လီဖိုးနီးယားပြည်နယ် ဖန်တွမ်အလုပ်ရုံ၌ ပထမဆုံး တည်ဆောက် တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ ဘိုးရင်းကုမ္ပဏီသည် အမေရိကန်လေတပ်အတွက် ၂၀၁၇ ခုနှစ်တွင် လေယာဉ်အစင်း ၁၈ စင်းကို ပထမအသုတ်အနေဖြင့် ထုတ်လုပ်ပေးရမည့် ကုမ္ပဏီလည်း ဖြစ်သည်။

ယခု အာကာသအတွင်း လွှတ်တင်မည့် လူလိုက်ပါခြင်းမရှိသည့် အာကာသယာဉ်မှာ အမေရိကန်အာကာသယာဉ်လွှတ်တင်ရေး အစီအစဉ်များ၌ အမှားအယွင်း တစ်စုံတစ်ရာမရှိစေရန်အတွက် စမ်းသပ်လွှတ်တင်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

တရုတ်တောင်ပိုင်း၌ ငါးဖမ်းသင်္ဘောနစ်မြုပ် ခြောက်ဦးသေ၊ တစ်ဦးပျောက်ဆုံး

နန်နင်း မတ် ၅

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မတ် ၅ ရက်က ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

လက်ခံရရှိ

၄င်းငါးဖမ်းသင်္ဘောသည် အခြားငါးဖမ်းသင်္ဘောတစ်စင်းမှ ရေလှိုင်းများရိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငါးဖမ်းသင်္ဘောနစ်မြုပ်ချိန်မှာ မတ် ၄ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၀ မိနစ်ခန့်ကဖြစ်ကြောင်း၊ သင်္ဘော နစ်မြုပ်ချိန်၌ အကူအညီပေးပါရန် အကြောင်းကြားချက်တစ်ရပ်ကို ဆိပ်ကမ်းရှိ ကယ်ဆယ်ရေးဌာနက လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဆောင်ရွက်

ဆိပ်ကမ်း၌ ကယ်ဆယ်ရေးအဖွဲ့က ချက်ချင်းပင် ကယ်ဆယ်ရေး ရေယာဉ်နှစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့ကို စေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

စစ်ဆေး

ပျောက်ဆုံးနေသော ငါးဖမ်းလုပ်သားတစ်ဦးကို ရှာဖွေလျက်ရှိပြီး ငါးဖမ်းသင်္ဘောနစ်မြုပ်မှုနှင့်ပတ်သက်၍ အသေးစိတ် စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**



လက်ထပ်ပွဲမှအပြန်ကားမှောက်၊ ၃၃ ဦးသေဆုံး

နယူးဒေလီ မတ် ၅

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် ကားမှောက်သဖြင့် လက်ထပ်ပွဲမှပြန်လာသူ အနည်းဆုံး ၃၃ ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

ထိုးကျ

လက်ထပ်ပွဲမှအပြန်တွင် အမိုးဖွင့်ထရပ်ကားဖြင့် စီးနင်းလိုက်ပါလာကြရာ မော်တော်ကားမှာ တောင်ပေါ်လမ်းအတက်၌ တိမ်းမှောက်သွားပြီး မီတာ ၁၀၀ နက်သည့် ချောက်အတွင်း ထိုးကျသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ကားပေါ်တွင် ခရီးသည် ၄၀ ခန့် လိုက်ပါလာကြကြောင်း သိရသည်။

ကားမှောက်ရသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။ *(အင်တာနက်)*

ငါးလုပ်ငန်းဦးစီးဌာနရုံးသစ်ဖွင့်ပွဲ လပွတ္တာခရိုင်၌ ကျင်းပ

လပွတ္တာ မတ် ၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲကို ဟိုင်းကြီးကျွန်းမြို့ ယုဇနမာလာလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းနှင့် အရာရှိကြီးများ၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရုံးသစ်ကို ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကိုကိုဦးက ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်များကို တာဝန်ရှိသူတို့အား ပြန်လည်ပေးအပ်သည်။ **(ငါးလုပ်ငန်းဦးစီး)**

ဟသ်ာတမြို့နယ် ပျဉ်းမချောင်းရပ်ကွက် အမက(၆)ကျောင်း ရှေ့လမ်းကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်က ဒေါ်စန္ဒာအေး အငယ်တန်းအင်ဂျင်နီယာ-၂နှင့်အဖွဲ့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ် ပျဉ်းမနားမြို့နယ်၌ဖွင့်

နေပြည်တော် မတ် ၅

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု မန်ကျည်းပင်ကွင်းကျေးရွာ သုတဘဏ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်ကြပြီးနောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါအဆောက်အအုံမှာ(၁၈×၂၁)ပေ၊သွပ်မိုး၊ထရံကာ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (MPHA)နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂ ရက် နံနက်က မြန်မာအင်ဖိုတက်ခ်၌ ကျင်းပသည်။

ပါဝင်

လူမှုဝန်ထမ်း ဦးစီးဌာနသည် အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ မသန်စွမ်းသူများ၏ အကျိုးကို ဆောင်ရွက်ပေးလျက်ရှိရာ စိတ်ကျန်းမာရေး ပြဿနာခံစားနေရသူများ အကျိုးအတွက် ကူညီဆောင်ရွက်ပေးရန်အတွက်လည်း ပါဝင်သည်။

ရှင်းလင်းပြောကြား

အဆိုပါ မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန်ရုံးချုပ်ဥက္ကဋ္ဌဦးမြတ်ဦး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(အောက်ဝဲပုံ) (၀၀၇)

ရန်ကုန်တိုင်း ဒေသကြီး အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ရုံးများအတွက် ဒေါက်တာဒဂုန်ခင်သဇင်ကငွေကျပ်နှစ်သိန်းသုံးသောင်းတန်ဖိုးရှိ စာအုပ် ၁၉၆ အုပ်ကို မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းကျော်တို့ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၅

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်း စာပေဆု"ကို ယနေ့ထုတ်ပြန်ကြေညာသည်။

စိစစ်ရွေးချယ်

၂၀၀၉ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်အဖြစ် စာရေးဆရာကြီး ဦးလှမြိုင်(ကိုဆောင်း)အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

ရရှိ

မြန်မာစာအုပ်ဆုတွင် စီးပွားရေး၌ မောင်လှသောင်း(ဘဏ်)၏ ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ကရစီရင်ထုံးဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်လည်မှုများ၊ ကျန်းမာရေး၌ ဒေါက်တာမြင့်ဦး(ဂျီပီ)၏ အခြေခံသမားကျင့်ဝတ်နှင့် ဆေးပညာကျင့်ဝတ်ဆိုင်ရာဆောင်းပါးများ၊ အတ္ထုပ္ပတ္တိ၌ ထွန်းဦးတင်၏ သံတမန်တစ်ဦး၏မှတ်တမ်း၊ ရည်ညွှန်းကျမ်း၌ မောင်ရေအေး(ဟားဗတ်တက္ကသိုလ်)၏ ပို့ကုန်သွင်းကုန်လုပ်ငန်းအသုံးအနှုန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ ကျော်ဦး၏ ဥတုရာသီပြောင်းခဲ့ပြီ၊ ယဉ်ကျေးမှု၌ ပီကင်းပြန် ဝင်းကို(အင်း၀)၏ မြန်မာ့ရိုးရာခြင်းလုံး အားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ် လေ့ကျင့်နည်းများ၊ ရှေးဟောင်းကျမ်း၌ ထွန်းရီ(ရှေးဟောင်းသုတေသီ)၏ ကုန်းဘောင်ခေတ်ဘုရင်များ ဗုဒ္ဓါဘိသိက်ခံယူပုံ(စာပေါင်းချုပ်)၊ စာပဒေသာ၌ ပြည့်စုံ(သွေးသောက်)၏ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန့်လက်အောက်ရောက်ခဲ့စဉ်တို့က ရရှိကြသည်။ အင်္ဂလိပ်စာအုပ်ဆုတွင် စီးပွားရေး၌ မြတ်သိန်း၏ Money Matters Essays on Money and Banking ကရရှိသည်။

မြန်မာစာမူဆုတွင် စီးပွားရေး၌ ကိုမော်(အောင်သမာဓိ)၏ ရွှေအကြောင်းသိကောင်းစရာများ၊ ကလေးစာပေ၌ မြေလတ်မောင်မြင့်သူ၏ အလှကိုယ်စီပန်းလိုသီ ကလေးကဗျာများ၊ သမိုင်း၌ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၏ ပဲခူး(ဟံသာဝတီ)တစ်ခွင်မှာလေ့လာစရာ၊ ယဉ်ကျေးမှု၌ ရန်ကုန်ဌေးဇော်၏ ရသစုံလင်အမြင့်သဘင်၊ ရှေးဟောင်းကျမ်း၌ ဒေါက်တာရီရီခင်၏ ယိုးဒယားနိုင်မော်ကွန်း(လက်ဝဲနော်ရထာ)၊ စာပဒေသာ၌ စိန်သွေး၏ ခေတ်ဟောင်းတေး အောက်မေ့ဖွယ်နှင့် အင်္ဂလိပ်စာမူဆုတွင် သမိုင်း၌ Myint Aung၏ Revealing Myanmar's Past; An Anthology of Archaeological Articles တို့က ရရှိကြသည်။

ချီးမြှင့်မည်

တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုပေးပွဲကို မတ်လအတွင်း မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနား ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိကြသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၁-၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၀ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင် ရေးသားပြုစုထားသော စာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်ခွင်သာစေချင်
မီးတွင်မပေါ့နှင့်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုတို့အကြား ပစ္စည်းဝယ်ယူရေးစာချုပ် ချုပ်ဆိုပွဲ ကျင်းပ

နေပြည်တော် မတ် ၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုဖြစ်သော Central China Power Grid International Economic & Trade Co.,Ltd.၊ Alliance Global Technologies Pte.,Ltd.၊ United National Oil & Gas Pte.,Ltd.၊ Supplier Global Pte.,Ltd.၊ Gunkul Engineering Public Co.,Ltd.၊ Baron Machinery & Engineering Pte.,Ltd.၊ Global Quality & Management Pte.,Ltd.နှင့် Royal GK Pte.,Ltd တို့အကြားချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို မတ် ၃ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာချုပ် ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီရှစ်ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Global Quality & Management Pte.,Ltd., Managing Director ဒေါ်သန္တာနေဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီရှစ်ခုတို့မှ အုပ်ချုပ်မှု ဒါရိုက်တာများက ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းများဖြစ်သော မင်းလှပင်မ ဓာတ်အားခွဲရုံ အဝင်/အထွက် ဓာတ်အားလိုင်း၊ သပြေဝ (မိတ္ထီလာ)-နေပြည်တော်-တောင်ငူ ဓာတ်အားလိုင်းနှင့် ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းတို့အတွက် လိုအပ်သောဓာတ်အားလိုင်း ပစ္စည်းများ၊ မင်းလှ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ သပြေဝ၊ နေပြည်တော်၊ တောင်ငူဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လှော်ကား၊ သာစည်၊ တောင်ငူနှင့် တံခွန်တိုင် ပင်မဓာတ်အားခွဲရုံတို့အတွက် လိုအပ်သော ဓာတ်အားခွဲရုံ ပစ္စည်းများဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်နှင့် အားကစားစင်တာ သနပ်ပင်မြို့နယ်၌ဖွင့်

သနပ်ပင် မတ် ၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာ၌ အလှူရှင် ဦးတင်မောင်နိုင်မိသားစုက ဆောက်လုပ်လှူဒါန်းသည့် ဦးပါစာကြည့်တိုက်နှင့် အားကစားစင်တာဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် အလှူရှင် ဦးတင်မောင်နိုင်က ဦးပါစာကြည့်တိုက်နှင့်အားကစားစင်တာလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ အလှူရှင် ဦးတင်မောင်နိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်ဌေးနှင့် ဗိုလ်မှူးသက်နိုင် (အငြိမ်းစား)တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

သြစတြေးလျ ပညာရေးအကြောင်း ဆွေးနွေးမည်

ရန်ကုန် မတ် ၅

Australia Visa and Student Services (AVSS Myanmar) မှ Australia နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် University of Adelaide တွင် ပညာဆက်လက်သင်ကြားရန်အတွက် TAFE South Australia (TAFE SA) မှတစ်ဆင့် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် တက်ရောက်နိုင်မည့်နည်းလမ်းများကို TAFE SA မှ Marketing & Recruitment Manager လာရောက်၍ ကျောင်းသားတစ်ဦးချင်းစီနှင့် AVSS Myanmar ရုံးခန်းအမှတ် ၄၂-D ပထမထပ် ဗိုလ်ရာညွန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့၌ မတ် ၁၅နှင့် ၁၆ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ရှင်းလင်းဆွေးနွေးမည် ဖြစ်သည်။

ယင်းကျောင်းတွင် Certificate IV, Diploma, Advance Diploma, Associate Degree များအပြင် Bachelor of Visual Arts and Design, Bachelor of Business (Hospitality Management), Bachelor of Tourism Managementတို့ကိုလည်း စျေးသက်သက်သာသာဖြင့် တက်ရောက်နိုင်သည်။ Package Program များအနေဖြင့် TAFE SA မှ Diploma နှင့် University of Adelaide, Charles Sturt University, Flinders University နှင့် University of South Australia တို့တွင် Bachelor Degree များကို ဆက်လက် သင်ကြားနိုင်သည်။ Credit transfer အနေဖြင့် ဘာသာရပ်ပေါ်မူတည်၍ ခြောက်လ၊ တစ်နှစ်၊ တစ်နှစ်ခွဲအထိ ဘာသာရပ်ကင်းလွတ်ခွင့်ရနိုင်သည်။

TAFE South Australia တွင် သင်ကြားနိုင်မည့် ဘာသာရပ်များမှာ English Courses, Arts, Design & Fashion, Building & Furnishing, Business, Management & Finance, Community Services & Health Computing & IT, Engineering, Electrotechnology & Mining, Environment and Spatial Information, Hair & Beauty, Horticulture, Hospitality, Tourism, Events & Languages, Interpreting & Translation, Recreation & Sport, Transport Engineering, Veterinary & Laboratory တို့ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို AVSS Myanmar ဖုန်း-၃၉၃၃၆၆ နှင့် ၀၉-၇၃၀-၃၅၅၀၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၂ ရက်က ဝါးခယ်မမြို့နယ် မြို့ပြရေပေးရေး လုပ်ငန်းဖြစ်သည့် ဂါလန် ၆၀၀၀ ဆံ့ သံကူကွန်ကရစ်ရေစင် ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးပြည့်ဖြိုးပိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၂ ရက်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း တာမွေမြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်စာစီစာကုံးဆုနှင့် ကျောင်းတွင်းဆုများရရှိသော မခင်သုဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်မြို့ အထက (၁) မဂ္ဂဇင်းထုတ်မည်

ပြည် မတ် ၅

ပြည်မြို့ အထက (၁) ကျောင်း၏ ၂၀၁၁ ခုနှစ် မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ အဆိုပါမဂ္ဂဇင်းတွင် ကျောင်း၏သမိုင်းဝင် အထောက်အထားများ၊ အမှတ်တရဓာတ်ပုံများ၊ ဘက်စုံထူးချွန်သူ ကျောင်းသား ကျောင်းသူများနှင့် သုတ ရသ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် စာမူများပေးပို့ကြရန် နှိုးဆော်ထားသည်။ မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီသည် စာမူများ စုဆောင်းခြင်းနှင့် ကြော်ငြာများ လက်ခံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ပေးပို့လိုသူများသည် ကျောင်းအုပ်ကြီး အထက(၁) ပြည်မြို့ ဖုန်း-၀၅၃-၂၄၁၁၈၊ ဦးခင်အောင် (လ/ထမြို့နယ်ပညာရေးမှူး-ငြိမ်း) ဖုန်း-၀၅၃-၂၅၅၉၇၊ ၀၉-၅၃၁၀၅၄၉၊ ဦးအောင်စိုး အမျိုးသားစာပေဆုရ စာရေးဆရာ (တိရစ္ဆာန်ဆေးကု) ဖုန်း-၀၁-၅၄၅၁၃၅ တို့ထံသို့ မတ်လ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လက်ခံယူ

ကြည့်မြင်တိုင်မြို့နယ် ပိတောက်ပင်အထက်လမ်း အမှတ် ၇၉ နေ ဦးတင်ထွန်း-ဒေါ်ခင်စန်းယဉ်၊ သမီး မခင်မင်းမင်းထက် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သီးနှံအထွက်တိုးရေး ဆွေးနွေး

ဇရပ်ကွင်း မတ် ၅

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန ဇရပ်ကွင်း၌ ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၅ ရက်အထိ ဖွင့်လှစ်လျက်ရှိသည့် လုပ်ငန်းခွင်အကြိုသင်တန်း အမှတ်စဉ် (၂/၂၀၁၁)တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက သင်တန်းသား ၉၄ ဦးနှင့် ဝန်ထမ်း ၅၂ ဦးတို့အား တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။ **(အောက်ပုံ)**

မှာကြား

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားရာတွင် တောင်သူများစိုက်ပျိုးသော သီးနှံသည် အမှန်တကယ်စိုက်ပျိုးဖြစ်ထွန်းမည့် သီးနှံဖြစ်ရန်၊ စီးပွားရေးအရ အကျိုးဖြစ်ထွန်းမည့် သီးနှံဖြစ်ရန်နှင့် နိုင်ငံတော်၏ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည့် သီးနှံများ စိုက်ပျိုးရန်တို့ကို မှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

News Watch သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၅

ကားစတစ်ကာရောင်းသည့်ဆိုင်နှင့် ကပ်ပေးသည့်ဆိုင်များကို သတိပေးတားမြစ်၊ တန်ပိုကုန်တင်ယာဉ် ဖမ်းမိက တင်ပေးသည့် ကားဂိတ်ကိုပါ အရေးယူမည်၊ ဒီဇယ်စျေးတက်သော်လည်း ကုန်စည်ပို့ဆောင်ခ မတက်ပါ၊ ကျပ်ငါးသိန်းတန်ဖုန်း GSM Toup ကတ်များ ခြောက်လသာ သက်တမ်းခံ၊ မြန်မာ့အထည်ချုပ်လုပ်ငန်းမှ အထည်များ ဂျပန်သို့ အများဆုံးတင်ပို့၊ ငါးသလောက်များ မျိုးမသုဉ်းအောင် ရခိုင်ကမ်းရိုးတန်းမှာ ဆောင်ရွက်၊ မေလအတွင်း ကိုရီးယားသို့ သိပ္ပံလေ့လာရေးခရီးသွားကြမည်၊ စာနယ်ဇင်းလောကရဲ့ အနာဂတ် ဘာတွေဖြစ်လာမလဲ ဆရာလူထုစိန်ဝင်းပြောကြား၊ ဆရာပါရဂူရေးသည့် စာရေးဆရာ မောင်နေဝင်းအကြောင်း၊ အသစ်ဆောက်ကွန်ဒိုတိုက်ခန်းများ သိန်းနှစ်ထောင်ဝန်းကျင်စျေးခေါ်နေ၊ နာတာလီပေါ့မင်းနှင့် ကောလင်းဖတ်တို့ အော်စကာဆုများရရှိ၊ မြန်မာပရိသတ်နှင့် စိမ်းနေသေးသည့် နာမည်ကြီး သရုပ်ဆောင် မင်တောက် (Ming Dao)၊ တိမ်မြုပ်ပျောက်ကွယ်စပြုသည့် မြန်မာ အငြိမ့်နှင့် ပတ်သက်သော လူရွှင်တော် ဦးဆန်နီ၏စကား၊ ၂၅ မိနစ်ကြာ အသက်ရှူရပ်ပြီးမှ ပြန်အသက်ရှင်လာသူ၊ တစ်နပ်စားကြံသည့် စီးပွားရေးသမားမှာ အနာဂတ်မရှိ…စသည့် ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ News Watch (စောင့်ကြည့်) ဂျာနယ်အတွဲ(၆)၊ အမှတ် (၃၄) ထွက်ရှိပြီ ဖြစ်သည်။ **(သတင်းစဉ်)**

ဝေရှန်းစန္ဒာလရောင်ဖြာ၊ မြူတိမ်ကင်းတဲ့ ညောင်ပင်သာ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်းရဲ့ "ရတနာဘုံညွန့်"ကျောင်းတော်ကြီးအတွင်းမှာ လူအုပ်ကြီးက ဖွေးဖွေးလှုပ် စည်ကားလှုပ်ရှားလို့နေပါတယ်။ အဲဒီအချိန်မှာပဲ ရွှေသောင်ရွာသား ဘိုးစံရင်တစ်ယောက် တက်ကြွသွက်လက်တဲ့ ခြေလှမ်းတွေနဲ့ ကျောင်းထဲကို ဝင်လာခဲ့ပါတယ်။ ဒီကနေ့ဟာ အသက်(၈၀) ရှိပြီဖြစ်တဲ့ ဘိုးစံရင်အတွက် အမြင်သစ်၊ ဘဝသစ်ကို ပြန်ရတဲ့နေ့လို့ ဆိုရမှာပါ။ ကျောင်းအဝကနေ ရွှေရောင်အဆင်းနဲ့ တင့်တယ်လှပတဲ့ ကျောင်းတော်ကြီးကို တမေ့တမောငေးကြည့်နေမိပြီး "သြော်…အလင်းရဲ့တန်ဖိုးကဖြင့် အံ့မခန်းပါလားကွယ်ရို့"လို့ တီးတိုးမြည်တမ်းလိုက်မိပါတယ်။

ကျောင်းတော်ကြီးထဲမှာတော့ ဘိုးစံရင်တို့လို မျက်စိခွဲစိတ်ပြီးတဲ့သူတွေနဲ့ လူနာရှင်တွေရဲ့ အသံတွေက အုန်းအုန်းကျွက်ကျွက်ဆူညံလို့ နေပါတယ်။ မကြာခင်မှာပဲ အောင်ပွဲအခမ်းအနားကြီး စတင်ပါတော့တယ်။ တာဝန်ရှိသူတွေရဲ့ ကျေးဇူးတင်စကား၊ မျက်စိခွဲစိတ်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန်၊ ပညာပေးစကားတွေ ပြောပြီးတဲ့နောက်မှာ မျက်စိဝေဒနာရှင်အားလုံးရဲ့ကိုယ်စား အသက်(၈၀)အရွယ်မှ မျက်စိအလင်းပြန်ရခဲ့တဲ့ ဘိုးစံရင်ကပဲ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်စကား ဆိုခဲ့ပါတယ်။ "ဟိုအရင်ခေတ်တွေကတော့ ဘိုးစံရင်တို့ ကျေးလက်ဒေသတွေမှာ ဆရာဝန်ဆိုရင် ချောင်းတောင်ကြည့်ရတဲ့ဘဝ။ အခုတော့ ရန်ကုန်မြို့က ပါမောက္ခအထူးကု ဆရာဝန်ကြီးတွေ ကိုယ်တိုင် အဘိုးတို့ခေါင်းကို တယုတယကိုင်ပြီး ခွဲစိတ်ကုသပေးတာခံခဲ့ရတော့ ဝမ်းသာလွန်းလို့ ဒီအကြောင်းတွေကဖြင့် တကယ့်ကို အပြောမဟုတ် ဒိဋ္ဌဝေဒနိယ…ငထင် ကိုယ်တွေ့ပါ" လို့ လှိုက်လှိုက်လှဲလှဲ ပြောပစ်လိုက်မိတယ်။ "မျက်စိကြောင့် ဘဝပျက်သလို ဖြစ်နေခဲ့ရာက အခုတော့ အဘိုးတို့ဘဝတွေ အညွန့်တလူလူတက်ပြီဟေ့လို့ ကြုံးဝါးရင်း အဘိုးအသက်ရှင်နေသရွေ့ တရားဓမ္မနဲ့ နေနိုင်သွားပြီ။ အဘိုးတို့ရဲ့ ဘဝနေဝင်ချိန်ကို လင်းလက်လှပစွာ ကုန်ဆုံးစေတော့မှာပါ" လို့ ပြောလိုက်တဲ့အခါ အားလုံးရဲ့ သာဓုခေါ်လိုက်ကြသံတွေက ဘဝဂ်ထိအောင် ညံလို့သွားပါတော့တယ်။

တကယ်တော့ ညောင်ပင်သာရွာလေးဟာ အိမ်ခြေ ၁၇၀၀ခန့်ရှိပြီး အင်္ဂပူမြို့နယ် ညောင်ကျိုးတိုက်နယ်အတွင်းမှာ တည်ရှိပါတယ်။ ဧရာဝတီရဲ့ မြစ်လက်တက်ဖြစ်တဲ့ ငဝန်မြစ် အနောက်ဘက်ကမ်းမှာတည်ရှိပြီး "ဥဩ ညောင်တည်" ဆိုတဲ့အတိုင်း ၁၁၃၀ခုနှစ်မှာ ရွာကိုတည်ခဲ့ပြီး တည်စမှာ ညောင်ပင်ကိုးပင်ရှိခဲ့ပါတယ်။ အဲဒီခေတ်က ရွာသူ ရွာသားတွေက ကိုးကွယ်ခဲ့ကြလို့ ညောင်ကိုးလို့ ခေါ်တွင်ခဲ့ရာမှ အလောင်းစည်သူမင်း လက်ထက်မှာ ညောင်ကျိုးလို့ ပြောင်းလဲခေါ်တွင်ခဲ့တယ်လို့ဆိုပါတယ်။ ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ညောင်ကျိုးရွာမှာ တိုက်ဖက်ညောင်ကျိုးနဲ့ အကျောညောင်ကျိုးဆိုပြီး ကွဲသွားခဲ့ရာက အနောက်ဘက်အရပ်မှာ ညောင်ပင်တွေ ထူထပ်သာယာစွာ ပေါက်နေလို့ ညောင်ပင်သာရယ်လို့ အမည်တွင်ခဲ့တာဖြစ်ပါတယ်။ အရင်တုန်းကတော့ ညောင်ကျိုးဒေသဟာ ပထဝီအနေအထားအရ ခရီးလမ်းပန်းကြမ်းတမ်းခဲ့ပေမယ့် ယနေ့အခြေအနေမှာ ညောင်ကျိုးဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စည်ပင်လို့နေပါပြီ။ ပဲ၊ ပြောင်း၊ စပါး၊ ငရုတ်၊ ဆေး၊ သီးထပ်၊ သီးညှပ်နဲ့ ကိုင်းသီးနှံတို့ စိုက်ပျိုးဖြစ်ထွန်းရာ စီးပွားရေးဖွံ့ဖြိုးတဲ့ ဆိပ်ကမ်းရွာကြီးတစ်ရွာဖြစ်နေတာကို တွေ့ရှိခဲ့ရပါတယ်။ ညောင်ပင်သာရွာကိုရောက်ဖို့ ပုသိမ်-မုံရွာလမ်းက သွားမယ်ဆိုရင် ရန်ကုန်ကနေ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ အသုတ်၊ ရေကြည်၊ ငသိုင်းချောင်း၊ ကွင်းကောက်တို့ကိုဖြတ်ပြီးမှ အင်္ဂပူကိုရောက်ပါတယ်။ အင်္ဂပူကနေမှ ၁၄မိုင်လောက် မောင်းလာတဲ့အခါ ညောင်ကျိုးရွာကို ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်-ဟင်္သာတလမ်းက သွားမယ်ဆိုရင်တော့ စက္ကော့၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ၊ မြို့ကွင်းကိုဖြတ်ပြီး အင်္ဂပူကိုရောက်ပါတယ်။ အခုဆိုရင် ရန်ကုန်ကနေ ညောင်ကျိုးအထိ ဇာတိမြေ ကားတွေက တိုက်ရိုက်ပြေးဆွဲနေတာမို့ နေ့ချင်းညချင်း ခရီးပေါက်နိုင်ကြပြီ ဖြစ်ပါတယ်။

ဒီခရီးစဉ်စတင်ခဲ့တဲ့ အကြောင်းရင်းကို ပြောရမယ်ဆိုရင်တော့ ၈-၁-၂၀၁၁ ရက်နေ့မှာ ရတနာဘုံညွန့်ကျောင်းတော်ကြီး ရေစက်ချအခမ်းအနား ကျင်းပစဉ်မှာပဲ ညောင်ကျိုးဇာတိသား မြို့မိမြို့ဖတွေ၊ တာဝန်ရှိသူတွေနဲ့ ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ တိုင်ပင်ခဲ့ကြပြီး ညောင်ကျိုးဒေသအတွင်းမှာရှိတဲ့ ပြည်သူလူထုတွေကို မျက်စိအခမဲ့ ခွဲစိတ်ကုသမှု အလှူတော်ပြုလုပ်ပေးဖို့ စီစဉ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါနဲ့ပဲ ၁၅-၁-၂၀၁၁ရက်နေ့မှာ ဒေါက်တာဒေါ်ခင်ဆန်းနွယ်နဲ့ ကျွန်မဟာ ညောင်ကျိုးဒေသကို ကြိုတင်သွားရောက်ခဲ့ပြီး တိုက်နယ်ဆေးရုံရဲ့ အနေအထား၊ ကျေးရွာရဲ့အခြေအနေ၊ ပြင်ပလူနာ လက်ခံကြည့်ရှုမယ့်နေရာ စတာတွေကို သေချာရွေးချယ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဆေးရုံရဲ့ ခွဲစိတ်ခန်းကို စံချိန်စံညွှန်းနဲ့ကိုက်ညီဖို့ တိုက်နယ်ဆရာဝန် ဒေါက်တာမျိုးကျော်အောင်နဲ့ ရပ်မိရပ်ဖတာဝန်ရှိသူတွေ အတူပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။ Sterilization ဆိုတဲ့ ခွဲစိတ်ခန်း ပိုးသတ်ခြင်းကို ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးကိုစေလွှတ်ပြီး ခွဲစိတ်မှုရာခိုင်နှုန်းပြည့် အောင်မြင်နိုင်စေဖို့ စိတ်တိုင်းကျ စီစဉ်စေခဲ့ပါတယ်။

ဒီလိုနဲ့ ၂၃-၁-၂၀၁၁ ရက်နေ့မှာ ရန်ကုန်မြို့မှ ပါမောက္ခဒေါက်တာဦးတင်ဝင်း ဦးဆောင်တဲ့ ကျွန်မတို့အဖွဲ့ဟာ ဆရာဝန် ၁၆ ဦး၊ ဆရာမ ၁၂ ဦး လိုက်ပါပြီးတော့ ညောင်ကျိုးကျေးရွာဆီကို ခရီးနှင်ခဲ့ကြပါတော့တယ်။ ည ၇ နာရီခွဲအချိန်မှာ ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိခဲ့တဲ့အခါ အိုးစည်ဗုံမောင်းတွေနဲ့ ပျော်ရွှင်စွာကခုန်ကြိုဆိုနေကြတဲ့ ရွာသူရွာသားတွေ၊ ရပ်မိရပ်ဖ၊ တာဝန်ရှိသူတွေနဲ့အတူ လာရောက်ပြသကြတဲ့ လူနာတွေအားလုံး စုဝေးရောက်ရှိနေကြတာကြောင့် မီးရောင်စုံထိန်ထိန်လင်းနေတဲ့ ကျောင်းတော်ကြီးဟာ အလှူပွဲကြီးကျင်းပနေသလို ခြိမ့်ခြိမ့်သဲသဲ ဖြစ်နေခဲ့ပါတယ်။

တကယ်တော့ ပြီးခဲ့တဲ့နှစ်တွေက ညောင်ကျိုးနယ်အတွင်းမှာ ပထမအကြိမ် မျက်စိခွဲစိတ်မှုအစီအစဉ် ပြုလုပ်ခဲ့ပြီးဖြစ်ပေမယ့် အတွင်းတိမ်လူနာ ၂၀၀ ကျော်က ခွဲစိတ်ဖို့ ကျန်ရှိနေတယ်လို့ဆိုပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့အားလုံးလည်း ရောက်ရောက်ချင်း မနားကြတော့ဘဲ အမျိုးသမီးဆရာဝန်တွေက အသင့်ရောက်ရှိနေကြတဲ့ လူနာ ၂၀၀ ကျော်ကို ကျောင်းကြီးရဲ့ အောက်ထပ်မှာ ခုံတန်းရှည်တွေနဲ့ တန်းစီထိုင်ခိုင်းထားပြီး အမှန်တကယ်ခွဲစိတ်သင့်တဲ့ လူနာတွေကို ပြန်လည်ရွေးချယ်စိစစ်ကြပါတယ်။ အမျိုးသားဆရာဝန်တွေနဲ့ ဆရာမတွေက ဆေးရုံခွဲစိတ်ခန်းထဲမှာ မိုက်ခရိုစကုပ်တွေပြင်ဆင်ဖို့ ဆေးရုံရှိရာကို သွားကြပါတယ်။ ညောင်ကျိုးတိုက်နယ်ဆေးရုံဝန်ထမ်းတွေက ကျွန်မတို့ ရွေးချယ်ပေးတဲ့ လူနာတွေကို ဆီးချို၊ သွေးတိုးနဲ့ တခြားရောဂါတွေရှိ၊ မရှိ စစ်ဆေးပြီး နောက်တစ်နေ့မနက် ခွဲစိတ်ဖို့ အသင့်ပြင်ဆင်ထားခဲ့ပါတယ်။

၂၄-၁-၂၀၁၁ ရက်နေ့ မနက်မှာတော့ ခွဲစိတ်ခုတင် ၁၀ ခုတင် ပြင်ဆင်ပြီးဖြစ်လို့ ဆရာဝန် ၁၀ ဦးက လူနာ ၁၀ ဦးကို တစ်ပြိုင်တည်း ခွဲပေးနိုင်ခဲ့ကြပါတယ်။ ညောင်ပင်သာ ဘုန်းကြီးကျောင်းဝင်းထဲမှာလည်း ပြင်ပလူနာဌာနဖွင့်ပြီး ကြည့်နေကြတဲ့ မြင်ကွင်းက အုတ်အော်သောင်းတင်းဖြစ်နေပေမယ့် စနစ်တကျရှိနေပါတယ်။ ခွဲစိတ်ရမယ်လို့ ဆုံးဖြတ်ခံရတဲ့လူနာတွေကို ဒေသခံရပ်မိရပ်ဖတွေ၊ NGO အဖွဲ့ဝင်တွေက ဆေးရုံခွဲခန်းဆီကို အရောက်ပို့ပေးကြပါတယ်။ ခွဲစိတ်ဖို့ မလိုတဲ့သူတွေကိုတော့ မျက်စဉ်း၊ စားဆေးနဲ့၊ ပါဝါမျက်မှန်တွေ ပေးလှူခဲ့ကြပါတယ်။ နှစ်ရက်အတွင်းမှာပဲ လူနာပေါင်း ၂၂၆၀ကို ကြည့်ရှုစစ်ဆေးပေးခဲ့ပြီး အတွင်းတိမ်လူနာ ၃၇၃ ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြပါတယ်။ ကျွန်မတို့ သွားခဲ့ဖူးတဲ့ တခြားဒေသတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အရေအတွက်နည်းတယ်လို့ ထင်ရပေမယ့် တိုက်နယ်ဆေးရုံတစ်ခုရဲ့ အနေအထားနဲ့ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ပြည်သူလူထုအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီခရီးစဉ်ဟာ အတိုင်းထက်အလွန် အောင်မြင်တယ်လို့ ဆိုရမှာပါ။ လာပြတဲ့လူနာတွေက အင်္ဂပူမြို့နယ်အတွင်းက ကျေးရွာအုပ်စုတွေနဲ့ ညောင်ကျိုးတိုက်နယ်အတွင်းက ကျေးရွာ ရှစ်အုပ်စုသာမက မြန်အောင်နဲ့ ကြံခင်းကြားက ရွှေကျင်ရွာ၊ ကနောင်ရွာ၊ ပဲခူးတိုင်းဒေသကြီးအတွင်းက ညောင်ခြေထောက်၊ ထိန်တော၊ မိုးညိုရွာတွေကပါ လာရောက်ပြီး ပြသတာကို တွေ့ရပါတယ်။

ဒီလိုနဲ့ ၂၅-၁-၂၀၁၁ရက်နေ့မှာ ခွဲစိတ်ကုသမှုတွေအားလုံးအောင်မြင်စွာ ပြီးစီးခဲ့ရပြီဖြစ်တာမို့ ၂၅ ရက်နေ့ရဲ့ ညနေ နေဝင်ဖျိုးဖျအချိန်မှာ ဧရာဝတီနဲ့ ငဝန်မြစ်ဆုံတဲ့ မြစ်ဆုံဆီကို မော်တော်ဘုတ်ကလေးတွေ စီးပြီးသွားခဲ့ကြပါတယ်။ ကြည်လင်စိမ်းမြနေတဲ့ ရေပြင်ကိုထိုးခွဲပြီး ရေမှုန်ရေပန်းတွေ တဖွားဖွားကြားမှာ ပြေးလွှားနေတဲ့ မော်တော်ဘုတ်ရဲ့ထိပ်ဦးမှာထိုင်ရင်း အေးမြလတ်ဆတ်တဲ့ လေပြည်လေညင်းကို အားပါးတရ ရှူရှိုက်ရတဲ့အခါ ကျွန်မစိတ်တွေပေါ့ပါး ကြည်လင်သွားခဲ့ရပါတယ်။ ငဝန်မြစ်ရေပြင်ကျယ်ရဲ့ ဘေးတစ်ဖက်တစ်ချက်မြေနုကျွန်းတွေပေါ်မှာ သီးနှံမျိုးစုံနဲ့ ကိုင်းပင်၊ ပဲပင်တွေက စိမ်းစိုယိမ်းနွဲ့နေကြတာမြင်ရတော့ သဘာဝတရားရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ်မှာလိုက်ပြီး အသိဉာဏ်ရှိတဲ့ လူသားတွေရဲ့ လိုက်လျောညီထွေစွာ အကျိုးရှိရှိအသုံးချတတ်တဲ့ သဘာဝကို သရုပ်ခွဲကြည့်နေမိပါတယ်။

တဖြည်းဖြည်းနဲ့ နေမင်းကြီးကတော့ သဲသောင်ပြင်လွှလွှမှာ မေးတင်စပြုခဲ့ပါပြီ။ တစ်နေ့တာ တာဝန်တွေပြီးဆုံးပြီမို့ လိမ္မော်ရောင်တောက်ပတဲ့ အလင်းတွေနဲ့ ကမ္ဘာလောကကြီးကို နှုတ်ဆက်လက်ပြရင်း ငဝန်ဧရာကြားက သဲသောင်ပြင်အောက်ဆီကို ငုပ်လျှိုးပျောက်ကွယ်သွားခဲ့ပါပြီ။ ကျွန်မကတော့ ကောင်းကင်ရယ်၊ ရေပြင်ရယ်နှစ်ခုဆုံနေတဲ့ ဟိုးအဝေးက မိုးကုပ်စက်ဝိုင်းကို ငေးမောကြည့်ရင်း အတွေးနယ်ချဲ့နေမိပြန်ပါတယ်။

"အစ်မရေ…. ဒီဒေသကလူတွေက ဇာတိမြေကို ချစ်ခင်တွယ်တာကြတယ်။ လောဘလည်းနည်းကြတယ်။ ဒီဒေသမှာနေရတာ သိပ်ကိုအေးချမ်းလွန်းလှပါတယ်"လို့ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်ကဆိုတော့ "ကျွန်မတို့အားလုံးလည်း ဒီရွာလေးကို လာရတာ စိတ်ချမ်းမြေ့ခဲ့ရပါတယ်။ ဒီရွာမှာ မွေးဖွားကြီးပြင်းခဲ့ဖူးတဲ့ ဇာတိစွဲစိတ်ကြီးသူတွေရဲ့ ကိုယ့်ရဲ့ရပ်ရွာအပေါ် ပြန်လည်အကျိုးပြုနေတာတွေနဲ့အတူ ရပ်မိရပ်ဖတွေ၊ ရွာခံပြည်သူလူထုနဲ့ တိုက်နယ်ဆေးရုံဝန်ထမ်းတွေအားလုံး စည်းချက်ညီညီနဲ့ အတူလက်တွဲပြီး လှုပ်ရှားဆောင်ရွက်ခဲ့ကြတာမို့ အခက်အခဲဆိုလို့ မြူတစ်မှုန်မျှ မတွေ့ခဲ့ရသလို ဘုရားရိပ်၊ တရားရိပ်မှာ တည်းခိုနေထိုင်ခဲ့ရတာကိုက ဘာနဲ့မှ မတူတဲ့ ငြိမ်းချမ်းမှုပါပဲ" လို့ ပြန်ပြောခဲ့မိပါတယ်။ သူတို့အားလုံးရဲ့ ဂရုစိုက်မှုနဲ့ယှဉ်ရင် ကျွန်မတို့ ပေးဆပ်ခဲ့ရတာက ဘာမှမဖြစ်လောက်ပါဘူးလို့လည်း အားမလိုအားမရ ဖြစ်ခဲ့ရပါတယ်။ ဒါတင်မကပါဘူး။ ၂၆-၁-၂၀၁၁ရက်နေ့မှာ ရန်ကုန်မြို့ကိုပြန်ရင်းနဲ့ ငွေဆောင်ကမ်းခြေဆီကို ပို့ဆောင်ပေးခဲ့ပါသေးတယ်။ ရွှေဟင်္သာဟိုတယ်မှာ မီးပုံပွဲညကို ကျင်းပပေးခဲ့တော့ သီချင်းတွေဆိုကြ၊ ကမ်းခြေမှာ ဆော့ကစားကြနဲ့ အနားယူပျော်ရွှင်ခဲ့ရတာဟာ တစ်သက်မမေ့နိုင်စရာပါပဲ။

မီးပုံပွဲည ဝင်းဝင်းပပသာနေတဲ့ ဖိုးလမင်းကြီးရဲ့ အလင်းဓာတ်အောက်မှာ ပင်လယ်ပြင်ကြီးကဖြင့် ငွေရောင်၊ ဘော်ရောင်၊ စိန်ရောင်တဖျပ်ဖျပ်လက်လို့ လှချင်တိုင်းလှနေတော့တာပါပဲ။ ကမ်းစပ်ကို ရေလှိုင်းတွေက တလိမ့်လိမ့်တက်လာတော့ ခရုခွံလေးတွေက သဲသောင်ပြင်မှာ တင်ကျန်ရစ်ခဲ့ကြတယ်။ ကောင်းကင်ရယ်၊ လမင်းရယ်၊ ပင်လယ်ပြင်ကြီးရယ်၊ ကျွန်မတို့အားလုံးရယ် အလှမ်းတွေဝေးကွာလွန်းလှပေမယ့် ကျွန်မတို့အားလုံးရဲ့ ကိုယ်ပိုင်အစွမ်းတွေ၊ ကိုယ်တတ်နိုင်သမျှ အားအင်တွေနဲ့ လောကအလင်းကို ဖန်ဆင်းပေးနိုင်ခဲ့ကြတာတွေကတော့ အတူတူပါပဲလို့တွေးရင်း ကျေနပ်အားရနေမိပြန်တယ်။

ဒီတော့လည်း ကျွန်မတို့ကို တာဝန်ပေးစေလွှတ်ခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၊ ညောင်ပင်သာဘုန်းတော်ကြီးကျောင်းဆရာတော်ကြီး ဦးဉာဏုတ္တရနဲ့ တိုက်အုပ်ဆရာတော် ဦးသုစိတ္တ၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်၊ ဟင်္သာတဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်ဝင်း၊ ညောင်ကျိုးတိုက်နယ်ဆေးရုံမှ ဒေါက်တာမျိုးကျော်အောင်၊ ဇာတိမြေကားပိုင်ရှင် ဦးသိန်းဝင်း၊ ငွေဆောင်ကမ်းခြေ ရွှေဟင်္သာဟိုတယ်မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိရပါတယ်။

ဒီလိုနဲ့ပဲ ၂၇-၁-၂၀၁၁ရက်နေ့မှာ ကျွန်မတို့ ပြန်ခဲ့ကြပါတယ်။ လမင်းရဲ့ အလင်းရိပ်အောက်မှာ ညောင်ကျိုးဒေသတစ်ခုလုံး ငြိမ်းချမ်းအေးမြလို့ ကျန်ရစ်ခဲ့ပါပြီ။ စက္ခုအလင်းတွေကိုပါ လင်းလက်ဝေဖြာခဲ့ပြီဖြစ်တဲ့ ညောင်ပင်သာရွာလေးနဲ့ ပြည်သူတွေအားလုံးကိုဖြင့် လမင်းကိုပြန်ရရှိတဲ့ ညလေးတွေနဲ့ အတူယှဉ်တွဲပြီး အမြဲထာဝရ သတိရနေမိမှာ အမှန်ပဲ ဖြစ်ပါတော့တယ်။ ။

> **မျက်စိကြောင့် ဘဝပျက်သလို ဖြစ်နေခဲ့ရာက အခုတော့ အဘိုးတို့ဘဝတွေ အညွန့်တလူလူ တက်ပြီဟေ့လို့ ကြုံးဝါးရင်း အဘိုးအသက်ရှင်နေသရွေ့ တရားဓမ္မနဲ့ နေနိုင်သွားပြီ။ အဘိုးတို့ရဲ့ ဘဝနေဝင်ချိန်ကို လင်းလက်လှပစွာ ကုန်ဆုံးစေတော့မှာပါ။**



ပျဉ်းမနား-ပင်လောင်းလမ်းတစ်နေရာတွင် လမ်းချဲ့ကျောက်ခင်းလုပ်ငန်းများကို လမ်းကြိတ်စက်ကြီးဖြင့် ဆောင်ရွက်နေသည်။

✻ ရှေ့ဖုံးမှ

ရောက်ခဲ့ဖူးသော်လည်း လိန်းလီတံတားကြီးမပြီးသေး၍ ပင်လောင်းသို့ မရောက်ခဲ့ပေ။ ယခုအခေါက်တွင် လိန်းလီတံတားကြီးလည်း ဖွင့်ပြီးဖြစ်၍ တံတားကြီးပေါ်မှ ဖြတ်သန်းပြီး ကျွန်တော်မရောက်ဖူးသေးသည့် တောတောင် အလွန်ထူထပ်သောကြားမှ ရှမ်းပြည်နယ်အစွန်အဖျား အကျဆုံးမြို့ ပင်လောင်းအထိ သွားရမည်ဖြစ်သဖြင့် ဝမ်းသာ ကြည်နူးမိသည်။

ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းကားလမ်းသည် ယခင်က ပျဉ်းမနား-ပင်လောင်းလမ်းအမည်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၉၆၇ ခုနှစ်တွင် စတင် ဖောက်လုပ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ၁၂ ပေ အကျယ်ရှိသည့် တစ်လမ်းသွား ကတ္တရာလမ်းဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်သို့ ဆက်သွယ်သည့် အရှေ့နှင့်အနောက် ဖြတ်လမ်းမကြီးဖြစ်ကာ ရန်ကုန်-ပဲခူး-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၂၅၁/၄) သစ်တပ်ရွာအနီးမှစတင်၍ အောင်ပန်း-ပင်လောင်း-မိုးပြဲ လွိုင်ကော်လမ်းနှင့် ယင်းမှီကျေးရွာအနီးတွင် ပေါင်းဆုံသွားသည်။ မိုင်အားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၂ မိုင် ၆ ဖာလုံ တည်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ၄၇ မိုင် ၄ ဖာလုံတည်ရှိသဖြင့် စုစုပေါင်း အရှည်မိုင်မှာ မိုင်၇၀ ၂ ဖာလုံရှိသည်။

ဖွင့်လှစ်ပေး

ပျဉ်းမနား-ပင်လောင်းလမ်းကို မူလသစ်တပ်ရွာအနီးမှ ရန်ကုန်-ပဲခူး-မန္တလေး မိုင်တိုင်(၂၇၀/၄)အနီး ကင်းသာမှ ပြောင်းလဲ ဖောက်လုပ်ခဲ့သည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အာဆီယံအဆင့် တောင်ပေါ်စံပြလမ်းတစ်လမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ကင်းသာ-ကိုးကွေ့ လမ်းမိုင် (၂၀) (၃)ဖာလုံကို ၃-၆-၂၀၁၀ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

ယခုဆက်လက်၍ ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်း (ကိုးကွေ့-ယင်းမှီ) မူလကတ္တရာလမ်း ၄၆ မိုင်ကို ပြင်ဆင်ထိန်းသိမ်း၍ လမ်းသား အကျယ်ပေ ၅၀ အထိ ချဲ့ခြင်းလုပ်ငန်းကို လမ်းအထူးအဖွဲ့(၁၃)နှင့် အတူ မြန်မာ့အလှကုမ္ပဏီ၊ နဒီရွှေဝါကုမ္ပဏီ၊ ရွှေကဆုန်ကုမ္ပဏီ၊ မြကန်သာကုမ္ပဏီ၊ PACLINK ကုမ္ပဏီ၊ SOIL ENERGY ကုမ္ပဏီတို့က ဆောင်ရွက်နေကြောင်း ကြားသိရ၍ ဂုဏ်ပြုသတင်း ဆောင်းပါးရေးရန် သွားရောက်ခဲ့သော ခရီးဖြစ်သည်။

ကျွန်တော်တို့ကားကလေးသည် ကင်းသာမှ တောင်ပေါ်လမ်းအတိုင်း ဆက်လက်မောင်းနှင်ခဲ့ရာ ရေအေးလေး၊ ရေအေးကြီး၊ လုံးထို၊ လက်ဆဲတမာ၊ ဇဒင်၊ ကိုးကွေ့၊ တောင်ကျရွာသို့ ရောက်သည်။ ကျွန်တော်တို့သည် တောင်ကျရွာအနီးတွင်ရှိသော နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း (NAY PYI TAW HOTSPRIAGSPA) သို့ ဝင်ရောက်၍ အပန်းဖြေရင်း ရေချိုးကြသည်။ အဆိုပါရေပူစမ်းသည် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၅၀၈ ပေ အမြင့်တွင် ရှိပြီး ဘေးဝဲယာတို့တွင် မြင့်မားသော တောင်တန်းကြီးများနှင့် သဘာဝ အလှအပများကို တဝကြီးရှုစားနိုင်သည့် အပန်းဖြေစခန်းဖြစ်သည်။ ရေပူစမ်းတွင် ရေချိုးအပန်းဖြေနားနေပြီးနောက် ခရီးဆက်လက်ထွက်ခွာခဲ့ရာ ကသောင်း၊ ဖိုးကုန်း၊ လုံးကဲ၊ လိန်းလီသို့ ရောက်သည်။ လိန်းလီတွင် မကြာမီကမှ ဖွင့်လှစ်ပေးခဲ့သည့် မြန်မာပြည်၌ အမြင့်ဆုံး ကြိုးတံတားကြီးကို တွေ့ရသည်။ တောင်တန်းကြီးများအသွယ်သွယ်ကြားမှ ခံ့ညားထည်ဝါလှသော ကြိုးတံတားကြီးကို ကြည့်ရသည်မှာ ကြည့်မဝ၊ ရှုမဆုံး ဖြစ်နေမိသည်။ တံတားကြီးလွန်တော့ ကျောက်တောင် ကမ်းပါးယံကြီးကို တွေ့ရပြန်သည်။ တကယ့် သဘာဝ ကျောက်သားတောင်ကြီးဖြစ်သည်။ ထိုကျောက်တောင်ကြီးမှ အဖိုးတန်ဆေးဖက်ဝင် ကျောက်သွေးများ ထွက်သည်ဆို၏။

ကျွန်တော်သည် ကားရှေ့ခန်းမှလိုက်ပါလာရင်း တောတောင်တို့၏ ကြည်နူးဖွယ်သဘာဝအလှအပများကို ကြည့်ရှုရသဖြင့် ဤဒေသကို လာရခြင်း၏ မူလအလုပ်တာဝန်များကို မေ့နေ၏။ ထိုစဉ် နန်းပန်းရွာအနီးတွင် ကျောက်တောင်များကို မိုင်းခွဲလမ်းချဲ့နေသော ဆောက်လုပ်ရေး ကုမ္ပဏီများနှင့် ကုန်းစီးရွာအနီးတွင် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့နေသော လုပ်ငန်းခွင်များကို လှမ်းမြင်ရတော့မှ မူလသတင်းတာဝန်များကို ပြန်လည်သတိရ၍ ကားရပ်ပြီး လုပ်ငန်းခွင်သတင်းဓာတ်ပုံများကို ဓာတ်ပုံသတင်းထောက် ကျော်မိုးလွင်နှင့်အတူ ရိုက်ကူးကြသည်။ သိလိုသော ပျဉ်းမနား - ပင်လောင်းလမ်းမှ (ကိုးကွေ့-ယင်းမှီ)အပိုင်း၏သတင်း အချက်အလက်များကို ရယူသည်။

ထို့နောက် လိုချင်သော သတင်းနှင့် သတင်းဓာတ်ပုံများ ရရှိပြီဖြစ်သဖြင့် ကားပေါ်ပြန်တက်၍ ခရီးဆက်ခဲ့ရာ ညနေ ၆ နာရီကျော်ကျော်တွင် ပင်လောင်းမြို့သို့ ရောက်ရှိသွားပြီး မြေပြန့်သားကျွန်တော့်ကို ပင်လောင်းတွင် တောင်ပေါ် ဆောင်းချမ်းချမ်းက ဆီးကြိုနေသည်။

ပင်လောင်းမြို့နယ်သမိုင်း

ပင်လောင်း မြို့နယ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းတွင်ပါဝင်၍ တောင်ကြီး-အောင်ပန်း-လွိုင်ကော် ကားလမ်းပေါ်တွင် တည်ရှိသည်။ တောင်ကြီးမြို့မှ ၈၂ မိုင်ကွာဝေးပြီး လတ္တီတွဒ်မျဉ်းအရ မြောက် လတ္တီတွဒ် ၉၇ ဒီဂရီနှင့် ၉၈ ဒီဂရီအကြားတွင် လည်းကောင်း၊ လောင်ဂျီတွဒ်မျဉ်းအရ အရှေ့ လောင်ဂျီတွဒ်၁၉ ဒီဂရီနှင့် ၂၀ဒီဂရီအကြားတွင်လည်းကောင်း တည်ရှိပြီး အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၉၄၅ ဒသမ မိုင် ၆၀ ကျယ်ဝန်းကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၈၀၀ အမြင့်တွင် တည်ရှိသည်။

မြောက်ဘက်တွင် ကလောမြို့နယ်၊ အရှေ့ဘက်တွင် ညောင်ရွှေမြို့နယ်၊ တောင်ဘက်တွင် ဖယ်ခုံမြို့နယ်၊ အနောက်ဘက်တွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၊ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ ရမည်းသင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ပင်လောင်းမြို့နယ်တွင် လူဦးရေ စုစုပေါင်း ၈၆၆၆၉ ဦးရှိပြီး ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ ကယား၊ ကရင်၊ တောင်ရိုး၊ ဓနု စသည့် တိုင်းရင်းသားများ နေထိုင်ကြသည်။ မြို့နယ်ဖွဲ့စည်းမှုမှာ မြို့ပေါ် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၃၃ ရွာရှိသည်။

လူမျိုးများဝင်ရောက်လာပုံ

ခရစ်သက္ကရာဇ် ၁၀၄၄-၁၇၅၂ ခုနှစ် ပုဂံခေတ်နှင့် တောင်ငူခေတ်များအတွင်းတွင် ယခု ပင်လောင်းမြို့နယ်ဟု ခေါ်သော ဒေသ၌မည်သည့်လူမျိုးမှ အခြေစိုက်နေထိုင်သေးဟန်မရှိပေ။ ထိုစဉ်က ဤဒေသသည် တောတောင်ထူထပ်၍ သားရဲတိရစ္ဆာန်များ ပေါများပြီး အစွန်အဖျားကျသော ဒေသတစ်ခုဖြစ်ပေသည်။ ဤဒေသသို့ ရဏ္ဍထတိုင်းရင်းသားများ ဖြစ်ကြသည့် ကျိုက်ထို၊ ကျိုက္ခမီ နယ်သား ကရင်လူမျိုးများ၊ သထုံနယ်သား ပအိုဝ်းများနှင့် ကွန်ဟူရှမ်းအမျိုးအနွယ်များတို့ အဆင့်ဆင့် ရောက်ရှိလာပြီး အခြေစိုက်နေထိုင်ခဲ့ကြသည်။

ပင်လောင်းနယ်ဖြစ်လာရခြင်း

ခရစ်သက္ကရာဇ် ၁၇၆၃-၇၆ ခုနှစ် တတိယကုန်းဘောင်မင်းဆက် ဆင်ဖြူရှင်လက်ထက်တွင် ဝမ်ဖာ(ဘန်ဖာ)ရွာမှ မုဆိုးမ၏ သမီးဖြစ်သူ မစိုးထား(ခေါ်)နန်းမူး၏ ယာခင်းကို ဆင်ဖြူတစ်စီး ဝင်ရောက်စားသောက်ဖျက်ဆီးသည်။ ရွာသားများအား ဆင်ဖြူကို သွားရောက်ဖမ်းဆီးစေသော်လည်း ဖမ်းမမိသဖြင့် မစိုးထား(ခေါ်)နန်းမူး ကိုယ်တိုင် သွားရောက်ဖမ်းဆီးမှ ဖမ်းမိသည်။ ဆင်ဖြူကို ဝမ်ဖာ(ဘန်ဖာ)ရွာတွင် မွေးမြူ ထိန်းကျောင်းထားသည်ကို အင်းဝဘုရင်ဆင်ဖြူရှင်မင်း ကြားသိသောကြောင့် ဆက်သခိုင်းသဖြင့် မစိုးထားကိုယ်တိုင် သွားရောက်ဆက်သရသည်။

အင်းဝဘုရင် ဆင်ဖြူရှင်က မစိုးထားအား ပင်လောင်းနယ်ဖြစ်လာမည့် အဆိုပါဒေသကို အုပ်ချုပ်ရန်နှင့် အခွန်အတုတ်ကောက်ခံစားသောက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ချီးမြှင့်သည်။ ထိုအချိန်က ဘုရင်နယ်နိမိတ်ပိုင်းခြား သတ်မှတ်၍ ချီးမြှင့်သည့် နယ်နိမိတ်မှာ ယခု ပင်လောင်းမြို့နယ်အပါအဝင် မြောက်ဘက်တွင် လက်ထိပ်တောင်၊ အရှေ့ဘက်တွင် အင်းလေးကန် ဘီလူးချောင်း၊ တောင်ဘက်တွင် ဝါးချောင်း၊ အနောက်ဘက်တွင် ပျဉ်းမနားနယ်အထိ ပါဝင်သည်။

ထို့နောက် ပင်လောင်းကို သက္ကရာဇ် ၁၁၅၆ (ခရစ်နှစ် ၁၇၉၃) ခုနှစ်တွင် လလီ (LAL-UI) ဆိုသူသည် အောင်မြင်စွာ တည်ထောင်ခဲ့သည်ဟု အဆိုရှိသည်။

ပျဉ်းမနား-ပင်လောင်းကားလမ်းကို မူလကတ္တရာ ၁၂ပေ အကျယ်မှ မြေသားလမ်းပေ ၅၀အကျယ်အထိ ရရှိစေရန် ဆောင်ရွက်နေကြစဉ်။



ပျဉ်းမနား-ပင်လောင်းကားလမ်းတစ်နေရာကို ဤသို့ လှပစွာ တွေ့ခဲ့ရသည်။

အပြန်၌ SOIL ENERGY ကုမ္ပဏီက တာဝန်ယူပြီး လမ်းအထူးအဖွဲ့(၁၃)မှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ထွေး ကြီးကြပ် ဆောင်ရွက်နေသော ကျောက်တောင်ကို မိုင်းခွဲ၍ လမ်းချဲ့လုပ်ငန်းကို ဝင်ရောက်ကြည့်ရှု လေ့လာသည်။ ထို့နောက် ကိုးကွေ့လမ်းအထူးအဖွဲ့(၁၃)ရုံး၌ တွေ့ရသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးသန်းဆွေ(အဆောက်အအုံ) အား လမ်းနှင့်ပတ်သက်သောအချက်များ သိလို၍ မေးကြည့်ရာ ဦးသန်းဆွေက "ငှင်းအနေနှင့်ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူပြုပြင်ထိန်းသိမ်း တိုးချဲ့ဖောက်လုပ်နေသော နေပြည်တော် ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်း-တုံးဟုံး-ညောင်ရွှေ-ရွှေညောင်-တောင်ကြီး လမ်းအရှည် ၁၆၄ မိုင် ၃ ဖာလုံကို ကြီးကြပ်အင်ဂျင်နီယာချုပ်အဖြစ် တာဝန်ယူထားကြောင်း၊ ယခုအပိုင်းသည် ကိုးကွေ့-လိန်းလီ- ပင်လောင်းလမ်းမှ (ကိုးကွေ့-ယင်းမှီ)အပိုင်း ဖြစ်ကြောင်း၊ မိုင်တိုင် ၂၀/၃(ကိုးကွေ့)မှ မိုင်တိုင် ၆၆/၃(ယင်းမှီ)အထိ လမ်းအရှည် ၄၆ မိုင်ရှည်လျားကြောင်း၊ ၎င်းအပိုင်းကို မိမိတို့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ လမ်းအထူးအဖွဲ့(၁၃)နှင့် ပုဂ္ဂလိက တိုင်းရင်းသားကုမ္ပဏီ ခြောက်ခုတို့က ခွဲဝေတာဝန်ယူပြီး လမ်းအကျယ်ပေ ၅၀ အထိတိုးချဲ့လျက်ရှိကြောင်း၊ ယင်းသို့လမ်းချဲ့ရာတွင် မြေကြီးတောင်များကို ဖြိုချရသကဲ့သို့ ကျောက်တောင်ကြီးများကိုလည်း ခက်ခက်ခဲခဲ မိုင်းခွဲ ဖယ်ရှားရကြောင်း။

၎င်းတို့ ဆောင်ရွက်နေသည့် နေပြည်တော်-ပင်လောင်းလမ်း တစ်လျှောက်တွင် ခရီးသွားရင်း အပန်းဖြေရန် အလွန်သာယာလှပသည့် မိုင်တိုင် ၂၀/၃ ၌ ကိုးကွေ့ ရေတံခွန်စခန်း၊ မိုင်တိုင် ၂၄/၅ ၌ နေပြည်တော် ရေပူစမ်း၊ မိုင်တိုင်အမှတ် ၄၂/၆ ၌ မြန်မာနိုင်ငံတွင် အမြင့်ဆုံး လိန်းလီကြိုးတံတားကြီးနှင့် ဘေးဘီဝဲယာများတွင် တောင်ပေါ် လက်ဖက်စိုက်ခင်းများ၊ လိမ္မော်ခြံများ၊ ပင်လောင်းမြို့ မရောက်မီ မိုင်တိုင် ၆၀/၂ ရှိ နန်းပန်းကျေးရွာ အနီးတွင် တည်ရှိနေသည့် ဆန်းပြားသည့် ကျောက်တောင်ကြီးများရှိကြောင်း" တို့ကိုရှင်းလင်းပြောပြခဲ့ပါသည်။ ။

သစ်အချောထည်စက်ရုံများနှင့် ဝါးတစ်ရာဆိပ်ခံတံတား ဝန်ကြီး ဦးသိန်းအောင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ Asia Wood Co., Ltd. သစ်အချောထည်စက်ရုံ၊ Unilite Industrial & General Service Co., Ltd. နှင့် United Wood Industrial Co., Ltd. သစ်အချောထည်စက်ရုံများသို့ လှည့်လည်ကြည့်ရှုရာ(အပေါ်ပုံ) သက်ဆိုင်ရာတာဝန်ရှိသူများက ထုတ်လုပ်မှုဆိုင်ရာများကို ရှင်းလင်းပြသကြသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံများမှ သစ်အချောထည်ပစ္စည်းများကို အရှေ့တောင်အာရှ၊ အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ ဝါးတစ်ရာဆိပ်ခံတံတား (JATTY)နှင့် ဝါးတစ်ရာသစ်ဆိပ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝါးတစ်ရာ သစ်ဆိပ်ရှိ သစ်လုံးလပ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝါးတစ်ရာရှိ အမှတ်(၄)သစ်စက်နှင့် အမှတ်(၉) သစ်စက်တို့၏ စက်ရုံများအတွင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု မြန်မာ CP OPEN တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar CP Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ CP OPEN တင်းနစ် ပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်မည်

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး နှစ်ယောက်တွဲ (Mixed Doubles) ပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး အသက် ၁၂ နှစ်နှင့် အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး အသက် ၁၄ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား - အမျိုးသမီး အသက် ၁၆ နှစ်နှင့်အောက် တစ်ဦးချင်း ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အသင်းလိုက် ပြိုင်ပွဲအတွက် ပြိုင်ပွဲစည်းကမ်းများမှာ တစ်သင်းလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရှိ ကစားသမားနှစ်ဦးတည်းသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက် ၄၅ နှစ်အထက် မြန်မာ့လက်ရွေးစင်ကစားသမားတစ်ဦးလည်း ပါဝင်ယှဉ်ပြိုင်ခွင့် ပြုထားသည့်အပြင် အသက် ၆၀နှင့်အထက် အားကစားသမား ကန့်သတ်ချက်မရှိ ယှဉ်ပြိုင်ခွင့်ပြုထားသည်။ စားသောက်ရေး အစီအစဉ်ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ကလပ်အသင်းများ၊ သက်တန်းအလိုက် လူငယ်များသည် မတ် ၁၉ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဖုန်း-၃၇၂၃၆၀၊ ၃၈၀၉၉၁နှင့် ၃၈၀၉၉၂၊ လိုင်းခွဲ-၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက်တွင် လမုခြေကျေးရွာ၌ တူးဖော်နေသော မြေသားရေကန်အား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် အမှုဆောင်အရာရှိ ဦးထွန်းခင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးလောင်မှု လျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့် လောင်စာဆီများမထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊ မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်းမခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့်ကပ်လျက် ကောက်ရိုးပုံ၊ ပြောင်းပုံများ စုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်းမမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကို အသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုးဝယ်ယူထားပါ။

(မီးသတ်ဦးစီးဌာန)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အတိတ်ကံစွမ်းကြောင့်ဖြစ်လာပုံ** တရားတော် (ဆရာတော် ဦးဃောသိတ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၁)
၈:၄၀ ရက္ခဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၉:၀၀ မွေးရပ်မြေကိုကျေးဇူးပြုတာ မြတ်သောစေတနာ
၉:၁၀ ရန်ကုန်မြင်ကွင်းကျယ် (PEP Family Photo Contest 2011)
၉:၃၀ Sunday Talk (မျိုးမြတ်သူ၊ ကျော်စိုးဝင်း)
၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၃) (အုမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာ)
၁၀:၂၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၈)
၁၀:၄၀ ဗီဒီယိုပြခန်း
၁၁:၀၀ ဈေးဝယ်လမ်းညွှန် (မကွေးမြို့မှကောင်းမွန်စုပါမားကတ်)
၁၁:၂၅ Goals of the Week
၁၁:၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ကြိုးကြာတောင်ပံခတ်သံ**
၁၂:၃၀ 2 D
၁:၀၀ **အတိတ်ကံစွမ်းကြောင့်ဖြစ်လာပုံ** တရားတော် (ဆရာတော် ဦးဃောသိတ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **သူငယ်ချင်းယောက်ဖတော်တာကောင်းတယ်၊ သူငယ်ချင်းယောက်ဖ မတော်တာကောင်းတယ်**
၃:၃၀ Activities in the City (တောက်ပလာမည့် … Channel)
၃:၄၀ မကွေးကောလိပ် (၁၉၆၄-၁၉၇၆) ခုနှစ် ဘာသာရပ်ပေါင်းစုံအာစရိယပူဇော်ပွဲ
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၁)
၄:၅၅ FMF Selection
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၂)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၅)
၇:၃၀ သွားမယ်စားမယ် (Main Restaurant)
၇:၄၅ စိတ်ကူးအိပ်မက်အနာဂတ်အတွက် "YIUS"
၈:၀၀ MRTV-4 သတင်း
၈:၃၀ Kid ' s Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၂)
၁၀:၁၀ Talent Show (ကြည်နူးခံစားတူရိယာသံစဉ်များ)
၁၀:၂၅ **Barclays Premier League Wolverhampton Vs Tottenham**
၁၂:၂၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၁၂:၃၅ ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၁:၀၀ **အလှော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁:၁၀ လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၁:၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
၁:၅၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာနီကိုရဲ)
၂:၂၅ ဖန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏ …
၂:၅၀ အလှဆင်ပူဇော်ဘုရားမီးရောင်ခြည်တော်
၃:၀၅ ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
၃:၃၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၄:၀၅ ရွှေမင်းသား (သို့) နှလုံးသားထက်မြက်သူ
၄:၂၅ စကားဝါမြေမှ ပွဲတော်တစ်ခု
၄:၃၅ တောင်တန်းပေါ်ကစိန်တစ်လုံး
၄:၄၅ ဖူးစို့ဘုရားစုံမြို့ဖျာပုံ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၇:၅၅	Liverpool- Man U	ESPN (Live)
၁၀:၂၅	Wolverhampton-Tottenham	ESPN (Live)

6-3 (09).pmd 1 3/6/2011, 2:33 AM

မီးစက်နှင့်အလှူငွေများ ကျိုင်းတုံဘိုးဘွားရိပ်သာသို့ ပေးအပ်လှူဒါန်း

ကျိုင်းတုံ မတ် ၅

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ မီးစက်နှင့်အလှူငွေများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ကျိုင်းတုံမြို့ မြို့သစ်ရပ် လေယာဉ်ကွင်းလမ်းရှိ ထွန်းတောက်ကြယ်အင်တာနက်ကဖီး မိသားစုများက ၆၀၀၀၀၀ တန်ဖိုးရှိ 5 KV ဒီဇယ် မီးစက်တစ်လုံးနှင့် တစ်ရက်စာဒံပေါက်အာဟာရကို လည်းကောင်း **(အပေါ်ပုံ)**၊ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ပုံလို့လမ်းနေ ဦးကျလယ်-ဒေါ်ဒီဘောရာ မိသားစုက ငွေကျပ်သုံးသိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီဝင် ဦးသိန်းထိုက် လက်ခံခဲ့ကြောင်း သိရှိရသည်။ **(ဘိုးဘွားရိပ်သာ)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ခမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၆)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြင်းစားချစ်သူ**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၇)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၈။ မြန်မာ့ရှုခင်း
၄:၅၀ ၉။ အားလုံးရဲ့တာဝန်
၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ **မမြင်ရတဲ့မီး** အကယ်ဒမီထွန်းထွန်းဝင်း၊ ကောင်းမိုးယံနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှဉ်းပြိုင်များ** (အပိုင်း-၁၄)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၄)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဓနုဖြူမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်စက်စွမ်းရည်ပြိုင်ပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်လွန်းအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကြည်တို့ ကြီးကြပ်လျက်ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ သူရဦးမြင့်သူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထိုင်းအစားအစာများ ရောင်းချပွဲ ကျင်းပ

ရန်ကုန် မတ် ၅

Orange Supermarket ၏ Thai Food Festival 2011 ကို မတ် ၄ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ Orange Supermarket၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Apirath Vienravi နှင့် Creation Myanmar Co., Ltd. Managing Director ဒေါ်မြင့်မြင့်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)** Thai Food Festival ကို လသာ၊ ဝေဇယန္တာ၊ ကြည့်မြင်တိုင်၊ မြောက်ဥက္ကလာပနှင့် တာမွေမြို့နယ်များရှိ Orange Supermarket များနှင့် Blazon Department Store (ရန်ကုန်၊ မန္တလေး)နှင့် Great Wall Orange Supermarket(မန္တလေး)တို့၌ မတ် ၄ရက်မှ ၁၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။

စုံလင်စွာရောင်းချ

Thai Food Festival တွင် Thai ခေါက်ဆွဲအမျိုးမျိုး၊ အချိုရည်၊ Coffeemix၊ ဘီစကွတ်၊ ထိုင်းအချိုပွဲ အမျိုးမျိုးနှင့်ဟင်းချက်ရာတွင် အသုံးပြုသော ဆော့စ်အမျိုးမျိုး၊ ငံပြာရည်၊ Thai Paste အမျိုးမျိုးတို့ကို အထူးဈေးနှုန်းများဖြင့် တစ်နေရာတည်းတွင် စုံလင်စွာ ရောင်းချသွားမည်ဖြစ်သည်။

ထို့အပြင် ထိုင်းအစားအစာများဖြစ်သော နာနတ်သီးထမင်းကြော်၊ ပုစွန် ကျွဲကောသီးသုပ်၊ ပင်လယ်စာဟင်း၊ ငါးခူမွှကြော်သုပ်၊ ကွေ့သယို၊ ဖက်ထိုင်းကြော်၊ သခွားသီးထောင်း၊ သင်္ဘောသီးထောင်း၊ ပုစွန်ငါးပိထောင်း အစရှိသည်တို့ကို သဃ်န်းကျွန်း၊ မြောက်ဥက္ကလာပနှင့် တာမွေမြို့နယ်များရှိ Orange Supermarket များရှိ ထိုင်းစားသောက်ဆိုင်များက လက်တွေ့ ချက်ပြုတ်ပြပြီး အရသာမြည်းစမ်းကြည့်ရင်း အထူးဈေးနှုန်းများနှင့် ဝယ်ယူခွင့်ရရှိမည် ဖြစ်သည်။

လက်ဆောင်ပေးမည်

အထူးအစီအစဉ်အဖြစ် Thai Product များကို ငွေကျပ်သုံးသောင်းဖိုးနှင့်အထက် ဝယ်ယူသော Customer များအတွက် Queen Cordial ဖျော်ရည် သို့မဟုတ် FF Tom Yum Lime Shrimp Noodle တို့ကို လက်ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အလယ်ပိုင်းဒေသများ နေ့အပူချိန်တိုးလာဖွယ်

နေပြည်တော် မတ် ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၆ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာဖွယ်ရာရှိသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဖေဖော်ဝါရီ ၂၂ရက်က မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ မြို့မဈေးကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ ကျားကွက်သစ်(စံပြ)ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဇော်သန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးမြဲအောင်၊ တပ်ခွဲမှူး ဒေါ်အုန်းခင်နှင့်တပ်ဖွဲ့ဝင်များ မတ် ၃ရက်က ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်စဉ်။ (၁၇၁)

သံဖြူဇရပ်မြို့နယ် အမှတ်(၁) မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိသည့် မီးသတ်ရေစုပ်စက်များ ကွဲခိုင်မှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

❒ *ကျော့ဖုံးမှ*

ယင်းဒုံးပျံသစ်မှာ တရုတ်နိုင်ငံလုပ် ဒုံးပျံယာဉ်အမျိုးအစားဖြစ်သည့် လောင်းဂျ်ဟတ်-၅ ဒုံးပျံမှ ခွဲထွက်ပြုလုပ်မည့် ပိုမိုကောင်းမွန်သော မျိုးဆက်သစ်ဒုံးပျံအမျိုးအစားဖြစ်သည်။

တရုတ်နိုင်ငံသည် လမျက်နှာပြင်သို့ ချန်ဂီ-၁ ဒုံးပျံယာဉ်ဖြင့် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်က ပထမဆုံး လွှတ်တင်ခဲ့ပြီး ၂၀၀၉ ခုနှစ် မတ် ၁ ရက်၌ ခရီးစဉ်ပြီးဆုံးခဲ့သည်။ ဒုတိယမြောက် လကမ္ဘာလေ့လာရေး အစီအစဉ်အဖြစ် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်က ချန်ဂီ-၂ ဒုံးပျံယာဉ်ကို လွှတ်တင်ခဲ့ပြီး လမျက်နှာပြင်သို့ နိုဝင်ဘာ ၃ ရက်၌ ရောက်ရှိကာ ခြောက်လတာကာလအတွင်း လမျက်နှာပြင်၏ အရည်အသွေး ကောင်းမွန်သော ပုံရိပ်များ၊ သက်တံများဖြစ်ပေါ်မှုပုံရိပ်များကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့နိုင်ခဲ့သည်။

ပြင်ဆင်လျက်ရှိ

ချန်ဂီ-၃ အာကာသဒုံးပျံယာဉ်ကို တရုတ်နိုင်ငံက ၂၀၁၃ ခုနှစ်၌ လမျက်နှာပြင်သို့ ဆင်းသက်နိုင်ရန် လွှတ်တင်နိုင်ရေးပြင်ဆင်လျက်ရှိသည်။ ။ ***(အင်တာနက်)***

ပွင့်ဖြူမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပွင့်ဖြူ မတ် ၅

ပွင့်ဖြူမြို့နယ်သရက်အုပ်ကျေးရွာအုပ်စုစံပြကျေးရွာ အောင်မြင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်နှောင်းနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မေသန္တာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းပေးအပ်

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များဝယ်ယူရန် မြို့နယ်ဥက္ကဋ္ဌဦးလှဌေးနှင့်ဇနီးဒေါ်တင်တင်နှောင်းက ငွေကျပ် ၂၀၀၀၀၊ ဒေါက်တာအောင်စိုး(တိ/မွေးကု-ငြိမ်း)နှင့် ဇနီးက ငွေကျပ် ၅၀၀၀၀၊ ဦးမောင်မောင်သူက ငွေကျပ် ၂၀၀၀၀၊ အန်တီမြစားသောက်ဆိုင်က ငွေကျပ် ၂၀၀၀၀၊ ဦးနိုင်လင်းအောင်နှင့်ဇနီးဒေါ်သင်းသင်းကြူက ငွေကျပ်၃၀၀၀၀၊ မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင်မျိုးစုံအုပ်ရေ ၅၀နှင့် အလှူရှင်များမှ လှူဒါန်းငွေစုစုပေါင်းငွေကျပ်၁၉၆၀၀၀ကိုလှူဒါန်းရာ စာကြည့်တိုက်ကော်မတီနာယက ဦးလှသောင်းက လက်ခံယူသည်။

ဆောက်လုပ်ခဲ့

စာကြည့်တိုက် အဆောက်အအုံမှာ သွပ်မိုး၊ ထရံကာ၊ သမံတလင်းခင်းဖြစ်၍ အလျား ပေ၂၀၊ အနံ ၁၈ပေရှိပြီး ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ်၁၅သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၅

ပုသိမ်အသင်း (ရန်ကုန်)၏ (၉၀)ပြည့်နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃-စီတည်ရှိသည့် ရောဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၅) နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများသည် မှတ်ပုံတင်မိတ္တူ၊ ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်နိုင်ရန်အတွက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူ၊ ကျောင်းထောက်ခံချက်နှင့်ပူးတွဲ၍ မတ် ၂၀ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂) ဈေးအတွင်း ရောင်းချလျက်ရှိသော ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ မရှိကို ဦးစီးအရာရှိ ဦးဝင်းဇော်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်မြင့်ထွန်းနှင့် ကျန်းမာရေးမှူး-၂ ဦးနွေလွန်ဦးတို့ မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (၀၆၆)

ပခုက္ကူတွင် ဖရဲသခွား လှိုင်လှိုင်ထွက်
ဈေးကောင်းရသဖြင့် တောင်သူများ တွက်ခြေကိုက်

ပခုက္ကူ မတ် ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ဖရဲသခွားစိုက်တောင်သူ ဦးဝင်းကျော်လှိုင် စိုက်ပျိုးထားသော ဖရဲသခွားခင်းမှ ယခုအခါ ဖရဲသခွားသီးများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ရာ အဆိုပါ ဖရဲသခွားသီးကို တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ထုပ်ပိုးနေကြပြီဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါဖရဲသခွားသီးများကို တရုတ်နိုင်ငံသို့တင်ပို့ရန် မူဆယ် ၁၀၅မိုင် ကုန်စည်ဒိုင် ဝယ်လက်သို့အရောက်ပို့ရန် စီစဉ်နေပြီး ပြည်ပပို့မည့် သခွားမျိုးတွင် ဖရဲသခွား၊ ရွှေသခွား၊ ပိုက်သခွားဟု သုံးမျိုးရှိရာ ပခုက္ကူမြို့တွင် တောင်သူဦးဝင်းကျော်လှိုင် စိုက်ပျိုးထားသော သခွားမျိုးမှာ ဖရဲသခွားမျိုးဖြစ်သည်။ မူဆယ် ၁၀၅မိုင် ကုန်စည်ဒိုင်တွင် နေ့စဉ်ဒေသပေါက်ဈေးအရ ဈေးကောင်းရပြီး အဝယ်လိုက်လျက်ရှိသည်။

ဖရဲသခွားမျိုးကို ဒီဇင်ဘာမှစတင် ပျိုးထောင်စိုက်ပျိုးပြီး ယခုမတ်လတွင် အသီးလှိုင်လှိုင်ပေါ်ထွက်လာနေပြီဖြစ်ရာ သုံးလကြာစိုက်ပျိုးရပြီး တစ်နှစ်တွင် တစ်ရာသီသာ စိုက်ပျိုးရရှိသည်ဟု သိရှိရသည်။ တစ်ဧကတွင် ပျိုးပင် ၆၀၀၀ စိုက်ပျိုး၍ ဖရဲသီးအလုံးပေါင်း ၄၀၀၀ ကျော် ထွက်ရှိခဲ့ပြီး ဦးဝင်းကျော်လှိုင်စိုက်ပျိုးထားသော စိုက်ဧကမှာ ၁၅ဧကရှိသဖြင့် ဖရဲသီးအလုံးပေါင်း ၆၀၀၀၀ကျော် ထွက်ရှိမည်ဖြစ်သည်။ အဆိုပါ ဖရဲသခွားမျိုးများကို နေရာဒေသအလိုက် တိုးချဲ့စိုက်ပျိုးပါက တောင်သူများအတွက် ဝင်ငွေတိုးကာ တွက်ခြေကိုက်နိုင်ကြောင်း သိရှိရသည်။ (၁၀၂)

ဂုဏ်ပြုဆု

ဖေဖော်ဝါရီ ၂၇ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ဘက်စုံ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ စတုတ္ထတန်း(ခ)မှ ထူးချွန်ဆုရရှိသူ မောင်အာကာမင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစိုး ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(ပညာရေး)

ပဲခူးတွင် အခါမဲ့မိုးရွာ၊ လေပြင်းတိုက်ခတ်
မိုးကြိုးထိသဖြင့် လူတစ်ဦးသေဆုံး

ပဲခူး မတ် ၅

ပဲခူးမြို့နယ်တောင်ခြမ်း၊ ကဝမြို့နယ်အနောက်ခြမ်းနှင့် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု၊ ကင်းပိုင်ကျုံကျေးရွာအုပ်စု၊ ဘုရားငုတ္တို ကျေးရွာအုပ်စုတို့တွင် မတ် ၂ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ပြီးနောက် မိုးသည်းထန်စွာရွာကာ မိုးကြိုးပစ်သဖြင့် ရွာလည်ကုန်းရွာသား လူငယ်တစ်ဦး မိုးကြိုးထိမှန်သေဆုံးခဲ့သည်။

မိုးကြိုးထိမှန်

သေဆုံးသူမှာ အသက် ၂၃ နှစ်အရွယ် မောင်နိုင်ဝင်းအောင်(ဘ)ဦးစိုးဖြစ်ပြီး မိုးရွာလာသဖြင့် လမ်းထဲ၌ နေလှန်းထားသော ပဲများသိမ်းနေစဉ် မိုးကြိုးထိမှန်ခြင်းဖြစ်သည်။ လေပြင်းတိုက်၍ လူနေအိမ်အချို့ ပြိုလဲခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။ (၁၂၁)

မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရွှေကူ မတ် ၅

ရွှေကူမြို့နယ် စီသောင်ကျေးရွာအုပ်စု မံခါးကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရှေးဦးစွာ ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးညီညီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက မူလတန်းကျောင်းဆောင်သစ်နှင့်ပတ်သက်သော အချက်အလက်များကို မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်ထံလွှဲပြောင်းပေးအပ်သည်။ ကျောင်းဆောင်သစ်ကို နိုင်ငံတော်မတည်ငွေကျပ် ၆၄ သိန်းနှင့် ကျေးလက်နေမိဘပြည်သူများ ထည့်ဝင်ငွေကျပ် ၂၂၂ သိန်းဖြင့် စုစုပေါင်းငွေကျပ် ၂၈၆သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘဏ်ချေးငွေများပြေကျေမှု ဂုဏ်ပြုပွဲကျင်းပ

နတ်မောက် မတ် ၅

နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၀ မိုးရာသီဘဏ်ချေးငွေများ ပြေကျေမှု ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က အမှာစကားပြောကြားပြီးနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာဦးမျိုးနိုင်က ၂၀၁၀ မိုးရာသီ ဘဏ်ချေးငွေများပြေကျေစွာကောက်ခံရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ၂၀၁၀ မိုးရာသီ ဘဏ်ချေးငွေ အစောဆုံးအပြေအကျေပေးဆပ်သည့် အင်းကန်၊ ဝါပန်၊ ရွာတော်ကျေးရွာအုပ်စုများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး**(အောက်ပုံ)**ဆုရရှိသည့် ကျေးရွာအုပ်စုဥက္ကဋ္ဌများ ကိုယ်စား ရွာတော်အုပ်စု ချေးငွေစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမောင်က ကျေးဇူးတင်စကားပြောကြားသည်။ နတ်မောက်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၅ အုပ်စုသို့ ၂၀၁၀ မိုးရာသီဘဏ်ချေးငွေ သိန်းပေါင်း ၈၇၀၀ ထုတ်ချေးခဲ့ရာ ဖေဖော်ဝါရီ၇ရက်တွင် မြို့နယ်လုံးကျွတ် အပြေအကျေ ကောက်ခံရရှိခဲ့ပြီး ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သင်တန်းသူတစ်ဦးအား ဘွဲ့လက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲကို မတ် ၃ ရက် ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်ရင်ပြင်၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ညစာစားပွဲအပြီးတွင် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌတို့သည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

ယင်းနောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၄ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းတို့က ဘွဲ့လက်မှတ်များ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုစကား ပြောကြားကြသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား သင်တန်းသူတို့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူးသည် နယ်မြေနှင့် စိုက်ပျိုးခင်းများကို တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ် စာကြည့်တိုက်ပြတိုက်၊ တက္ကသိုလ် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၅

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံဘုရား အရှေ့မုခ် ဗဟန်းကြားတောရလမ်းမကြီးအဝင် မီးပွိုင့်ထောင့်ရှိ ရွှေကျင်နိကာယ သာသနာ့လက်ာရ မဟာမဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ၂၀၁၁ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌ ဦးညိုမောင် ဖုန်း-၅၉၀၀၀၉၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ဖုန်း-၅၅၄၀၆၇၊ ၀၉-၅၁၁၉၃၉၉၊ အတွင်းရေးမှူး ဦးငွေအောင် ရုံးဖုန်း-၂၉၁၂၅၀၊ ၀၉-၅၄၁၁၀၄၁တို့ထံသို့ မတ်လ ၁၉ ရက် နောက်ဆုံးထားပြီး အမှတ်စာရင်း မိတ္တူများနှင့်အတူ ပေးပို့လျှောက်ထားကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (၀၁၇)

မိုးရွာသွန်းမှု ၅-၃-၂၀၁၁			
ပူတာအိုမြို့	၀ ဒသမ	၀၈	လက်မ
မြိတ်မြို့	၀ ဒသမ	၀၈	လက်မ

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်ချစ်ကြည် - စုစည်းသည်

ခရစ်ယာနို ဟက်ထရစ်သွင်းပြီး ခုနစ်ဂိုးပြတ်ဖြင့် ရီးရဲနိုင်ပွဲရ

မက်ဒရစ် မတ် ၅

စပိန်လာလီဂါပွဲစဉ်များကို မတ် ၄ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က မာလာဂါအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် ဂိုးဒါဇင်ဝက်ကျော်သွင်းပြီး အနိုင်ရရှိခဲ့သည်။

စိတ်ကြိုက်ကစား

မာလာဂါအသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ဘာနေဗျူးကွင်း၌ခြေကုန်ထုတ်ကစားခဲ့သော်လည်း ရီးရဲမက်ဒရစ်တို့က ဖိအားကင်းကင်းဖြင့် အပေါ်စီးမှ ကစားကွက်အသာဖြင့် စိတ်ကြိုက်ကစားပြီး ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်း နည်းပြဟောင်းနှင့် လက်ရှိမာလာဂါအသင်း၏ နည်းပြပယ်လီဂရီနီသည် အသင်းဟောင်း၏ ဘာနေဗျူးကွင်း၌ ယခုနှစ်ဘောလုံးရာသီတွင် ဂိုးအများဆုံးသွင်းခံရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

နိုင်ပွဲရရှိ

ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၂၇ မိနစ်၌ ဘင်ဇီမာက တစ်ဂိုး၊ ပွဲချိန် ၃၆ မိနစ်၌ ဒီမာရီယာက တစ်ဂိုး၊ ၄၅ မိနစ်၌ မာစီလိုက တစ်ဂိုး၊ ၅၁ မိနစ်၊ ၆၈ မိနစ်နှင့် ၇၆ မိနစ်တို့၌ စီရိုနယ်ဒို**(အောက်ပုံ)**က သုံးဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၆၂ မိနစ်၌ ဘင်ဇီမာက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်က ခုနစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒိုသည် ယခုပွဲ၌ သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့သည်။

ချေပဂိုး

လာလီဂါ နောက်ထပ်ပွဲစဉ်တစ်ပွဲအဖြစ် အယ်လ်မီရီးယားနှင့် ရေးဆင်းတို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သည်။ အယ်လ်မီရီးယားကွင်း၌ ဧည့်သည်ရေးဆင်းတို့က ၃၇ မိနစ်၌ ကိုလ်ဆာက တစ်ဂိုးသွင်းယူခဲ့သော်လည်း အယ်လ်မီရီးယားအသင်းမှ ခရုဆက်က ပွဲချိန် ၆၄ မိနစ်၌ ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ **(အင်တာနက်)**

၂၀၁၄ ခုနှစ် နွေရာသီအိုလံပစ်ပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရွေးချယ်

မော်စကို မတ် ၅

ရုရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ကျင်းပမည့် နွေရာသီ အိုလံပစ်အားကစားပွဲတော်အတွက် အထိမ်းအမှတ် လာဘ်ကောင်အဖြစ် ဝက်ဝံရုပ်လေးကို ရွေးချယ်လိုက်ကြောင်း ရုရှားအိုလံပစ်ကော်မတီက မတ် ၃ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ရွေးချယ်

အိုလံပစ် အားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်အရုပ်အတွက် ပြီးခဲ့သည့်နှစ်ကတည်းက ဖိတ်ခေါ်ခဲ့ရာ ဒီဇိုင်းအရေအတွက် ၂၄၀၀၀ ကျော် အနက်မှ နောက်ဆုံးဆန်ခါတင် ၁၁ ခု ရွေးထုတ်ပြီး အပြီးသတ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ရွေးချယ်ရာတွင် ရုရှားပြည်သူ ၁ ဒသမ ၄ သန်းကျော်က တယ်လီဖုန်း၊ အင်တာနက်နှင့် အီးမေးလ်တို့မှတစ်ဆင့် ဆန္ဒပြုချက်များအပေါ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



မန်ယူအသင်းက လေးနှစ်သက်တမ်းရှိသည့် စာချုပ်သစ် တစ်ရပ်ကို ထပ်မံ ချုပ်ဆိုလိုက်သည့် ကွင်းလယ် ကစားသမား ဒါရင်ဖလက်ချာ။

ဒါရင်ဖလက်ချာအား မန်ယူသက်တမ်းတိုးစာချုပ်

လန်ဒန် မတ် ၅

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ဒါရင်ဖလက်ချာအား လေးနှစ်သက်တမ်းရှိသည့် စာချုပ်သစ်တစ်ရပ်ကို ထပ်မံချုပ်ဆိုလိုက်ကြောင်း မတ် ၅ ရက်က သတင်းထုတ်ပြန်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ စကော့တလန် ကွင်းလယ်ကစားသမားနှင့် မန်ယူကွင်းလယ်ကစားသမားဖြစ်သူ ဖလက်ချာသည် အိုးထရက်ဖို့ဒ်၌ ပွဲပေါင်း ၂၈၈ ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၂၁ ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ၎င်းအပြင် မန်ယူလူငယ်အကယ်ဒမီ ဘောလုံးကျောင်းထွက်တစ်ဦးလည်းဖြစ်သည်။

ပါဝင်စွမ်းဆောင်

ဖလက်ချာသည် ၂၀၀၃ ခုနှစ်မှ စတင်ကာ မန်ယူအသင်း၌ စတင်ပါဝင်ကစားခဲ့ပြီး ပရီမီယာလိဂ်ဖလားသုံးကြိမ်၊ အက်ဖ်အေဖလား၊ လိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ဖီဖာကမ္ဘာ့ကလပ်ဖလားတို့ကိုလည်း ဆွတ်ခူးပေးရာတွင် ပါဝင်စွမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

သက်တမ်းတိုး

ဖလက်ချာသည် ယခုနှစ်ဘောလုံးရာသီ၌ မန်ယူအတွက် ၃၃ ပွဲကစားပေးထားပြီး သုံးဂိုးသွင်းယူပေးထားနိုင်သည်။ မန်ယူအသင်းသည် ဗီဒစ်၊ အီဗရာ၊ ဂစ်တို့ကိုလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။ **(အင်တာနက်)**

ရုပ်သံလိုင်းများမှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည့် ဘောလုံးပွဲစဉ်များ

SKY NET SPORTS

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်များ

6-3-2011(SUN)	6:00 AM	Sampdoria Vs Cesena	Sky Net Sports-2 (Live)
6-3-2011(SUN)	8:30 PM	Napoli Vs Brescia	Sky Net Sports-1 (Live)
6-3-2011(SUN)	8:30 PM	Inter Milan Vs Genoa	Sky Net Sports-2 (Live)
7-3-2011(MON)	2:15 AM	Lazio Vs Palermo	Sky Net Sports-2 (Live)

စပိန်လာလီဂါဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်များ

7-3-2011(MON)	12:30 AM	Bilbao Vs Sevilla	Sky Net Sports-1 (Live)
7-3-2011(MON)	2:30 AM	Racing Vs Real Madrid	Sky Net Sports-1 (Live)

ပြင်သစ်လီဂူးဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်များ

6-3-2011(SUN)	10:30 PM	Lyon Vs Arles Avignon	Sky Net Sports-3 (Live)
7-3-2011(MON)	2:30 AM	Marseille Vs Lille	Sky Net Sports-3 (Live)

ဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်

6-3-2011(SUN)	11:00 PM	Hamburger SV Vs FSV Mainz	Sky Net Sports-2 (Live)

ဟော်လန်လိဂ်ဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်

6-3-2011(SUN)	9:55 PM	Ajax Arnsterdom Vs AZ Alkmaar	Goal TV-2 (Live)

စကော့တလန်လိဂ်ဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်

6-3-2011(MON)	8:10 PM	St Mirren Vs Rangers	Goal TV-1 (Live)

DANA AUNG

Air- con, Refrigerator, Washing Machine Sale & Service Center

DANA AUNG မှ လူကြီးမင်းတို့၏ Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ဈေးနှုန်းချိုသာစွာဖြင့် အသစ်တပ်ဆင်ပေးခြင်း၊ အဟောင်းများအား အသစ်ဖြင့် လဲလှယ်တပ်ဆင်ပေးခြင်း၊ Air-con ပြုပြင်ခြင်း၊ စစ်ဆေးပေးခြင်း၊ ဆေးကြောသန့်စင်ပေးခြင်း၊ Gas ဖြည့်ပေးခြင်း၊ လစဉ် Service ပြုလုပ်ပေးခြင်းတို့ကို လူကြီးမင်းတို့၏ အိမ်အရောက် စိတ်တိုင်းကျ အာမခံနှင့်ဝန်ဆောင်မှုပေးနေပါပြီ။

ဖုန်းလေးသာတစ်ချက်ဆက်လိုက်ပါ။ တစ်နာရီအတွင်း ရောက်လာပါမည်။
ပိတ်ရက်မရှိ။ ဆိုင်ဖွင့်ချိန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ။

အမှတ် (၂၆၇)၊ ဗိုလ်မြတ်ထွန်းလမ်း (အပေါ်ဘလောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဆက်သွယ်ရန်ဖုန်း-၀၁-၂၀၁၇၄၃၊ ၇၀၃၈၆၄၊ ၀၉-၇၃၀၅၅၁၁၇။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ် ဦးမောင်မောင် ၉/ညဥန (နိုင်)၀၉၇၂၆၃၏ သမီးဖြစ်သူ မဇာခြည်ဝင်းမောင် ၉/ညဥန(နိုင်)၁၆၈၃၅၁သည် မိဘ၊ ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အသိပေးအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးမောင်မောင် ၉/ညဥန(နိုင်)၀၉၇၂၆၃၊
ပုဂံညောင်ဦး၊ ဝက်ကြီးအင်း၊ အမှတ်(၇)ရပ်ကွက်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတော်တော် ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၃၂၆၇၆၂နှင့် ကျွန်မ ဒေါ်ခင်လေးရီ ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၃၂၆၇၆၄တို့မှာ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အောက်ပါအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဦးတော်တော်၊ ဒေါ်ခင်လေးရီ
ဖုန်း-၀၁-၅၅၅၆၉၅။

မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

မြန်မာမြို့ပြ အင်ဂျင်နီယာများအနေဖြင့် မိမိနိုင်ငံအတွင်းရှိ လုပ်ငန်းခွင်များတွင် သင့်လျော်မည့် နည်းစနစ်သစ်များကို လေ့လာအသုံးချနိုင်ရန် နိုင်ငံတကာ အတွေ့အကြုံ ဗဟုသုတရှာမှီးလိုသူများအတွက် စင်ကာပူ မြို့ပြအင်ဂျင်နီယာဆိုင်ရာ အတွေ့အကြုံဟောပြောပွဲကို စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ခဲ့သော ဝါရင့်မြန်မာအင်ဂျင်နီယာများက မတ် ၁၉ ရက်(စနေနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ပြည်လမ်း ၆ မိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC) ၌ ဆွေးနွေးဟောပြောမည် ဖြစ်ရာ တက်ရောက် လိုသူများသည် ဦးဇင်ဦး ဖုန်း-၀၉-၅၁၀၇၂၆၅၊ ဦးသန်းဝင်း (သိန်းသန်းဆန်း ကုမ္ပဏီ) ဖုန်း-၀၉-၅၀၁၇၄၂၅၊ ပိုင်အိုးနီးယား ဖုန်း -၆၅၂၈၃၁ နှင့် ဦးလတ်အောင် ဖုန်း-၅၅၃၃၄၄ တို့ထံသို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(မြို့ပြအင်ဂျင်နီယာ)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာအားကစားသတင်း

အာဆင်နယ် အိမ်ကွင်း၌ သရေပွဲဖြစ်

မောင်မောင်မြင့်ဆွေ - ရေးသားသည်

နယူးကာဆယ်နှင့် အဲဗာတန်ပွဲတွင် အဲဗာတန်အတွက် အီဂါ(လယ်)က ဤသို့ ဂိုးသွင်းပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

လန်ဒန် မတ် ၅

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များကို မတ် ၅ ရက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်နှင့် ဆန်းဒါးလန်းတို့ ဂိုးမရှိသရေပွဲဖြစ်ပြီး ဘာမင်ဂမ်နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ဝက်စ်ဘရွန်းတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အပြင် နယူးကာဆယ်နှင့် အဲဗာတန်တို့ပွဲတွင် အဲဗာတန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အာဆင်နယ်တို့အိမ်ကွင်း၌ ကစားရသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဆန်းဒါးလန်းတို့ကလည်း မာမာတင်းတင်းကစားခဲ့မှုကြောင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။ ဘာမင်ဂမ်နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ဝက်စ်ဘရွန်းအတွက် ဂိုးများကို ပွဲချိန် ၄၇ မိနစ်၌ မူလမ်ဘူ၊ ၅၈ မိနစ်၌ မော်ရစ်ဆင်၊ ၇၂မိနစ်၌ အက်စ်ချာနာတို့က သွင်းယူပေးခဲ့သည်။ ဘာမင်ဂမ်အတွက် ချေပဂိုးကို ၄၈ မိနစ်၌ ဘိုစီဂျာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၃ - ၂	ဗီလာ
ဖူလ်ဟမ်	၃ - ၂	ဘလက်ဘန်း
နယူးကာဆယ်	၁ - ၂	အဲဗာတန်
ဝက်စ်ဟမ်း	၃ - ၀	စတုတ်

(အင်တာနက်)

နိုင်ငံတကာအဆင့် မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၅

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း၌ ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course သင်တန်းအပတ်စဉ်အသစ်ကို မတ်လ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Fast Food ပြုလုပ်နည်းများ၊ Danish/Puff/Croissant ပြုလုပ်နည်းများ၊ ပေါင်မုန့်မျိုးစုံ၊ Hard Bread ပြုလုပ်နည်းများ၊ အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ မုန့်မျိုးစုံပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ Food Safety ၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများ ကိုယ်တိုင်တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ (၃)လကြာမြင့်မည်ဖြစ်သည်။ နိုင်ငံတကာဟိုတယ်ကြီးများတွင် အလုပ်အကိုင် ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးသည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre interview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း မတ်လ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း (၀၉-၅၀၂၀၃၀၂ နှင့် ၅၂၃၆၂၃)တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အသိပညာပေးဟောပြော

မြောက်ဥက္ကလာပမြို့နယ် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအေးကျော် ဖေဖော်ဝါရီ ၁၅ ရက်က မင်္ဂလာဒုံမြို့နယ် ဝါယာလက်ဈေးကြီးတွင် ဈေးမိ ဈေးဖများ၊ ဈေးသူဈေးသားများအား မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် အသိပညာပေးဟောပြောစဉ်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀	၂။	အဂ္ဂဇယမင်္ဂလ် (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၅	၇။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၁၀	၈။	အတီးပြိုင်ပွဲ
၈:၂၀	၉။	**ကျန်းမာသန်ထွား ဉာဏ်မြင့်မား**
၈:၃၀	၁၀။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၁။	International News
၈:၄၅	၁၂။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၂)
၁၂:၃၀	၅။	**Golf Magazine (TV)**
၁၂:၅၀	၆။	မြန်မာရုပ်ရှင် **မုံး** နေအောင်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မိုမိုမြင့်အောင် (ဒါရိုက်တာ-ကြီးမြင့်)
၁၄:၂၀	၇။	**ဓီဝမျိုးစုံမျိုးကွဲများ**
၁၄:၃၅	၈။	အကပြိုင်ပွဲ
၁၄:၄၅	၉။	**International News**

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅	၇။	**အမှန်ထင်နေသောအမှား**
၅:၂၅	၈။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၁)
၆:၄၀	၁၃။	တစ်မျက်နှာတစ်ကွက်စာ **မိုးထက်မြင့်သောကြာဖြူပွင့်** မိုးထက်ပိုင်၊ ဇွဲနောင်၊ သက်သခင် (ဒါရိုက်တာ- လင်းထွဋ်မောင်)
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၈)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၅)
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၂)
	၂၀။	**ရင်လှိုင်းခတ်သံ တေးသီဟန်**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာစက်ရုံတွင် အသုံးပြုရန်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၁-၃-၂၀၁၁ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်း ၀၆၇-၄၀၈၁၉၅ နှင့် ၀၁-၅၃၀၄၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၃၁ လမ်း၊ အမှတ် ၁၄၄၊ ပထမထပ်၊ အခန်းအမှတ်(၃)ကို ရောင်းချပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။

အဆိုပါအခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်မြ LL.B., LL.M., D.B.L
အထက်တန်းရှေ့နေ (စဉ်-၂၃၄၀၉)
အမှတ် ၅၀၊ ပထမထပ်၊ အခန်း(A-7)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၄၇၃၈၃။

Lifestyles Motors & Bike Show 2011 မန္တလေးမြို့၌ ကျင်းပမည်

ရန်ကုန် မတ် ၅

မန္တလေးမြို့၌ မတ်၂၄ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် Lifestyles Motors & Bike Show 2011၏စီးပွားရေးလုပ်ငန်းရှင်ကြီးများ တွေ့ဆုံပွဲနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကို မတ် ၃ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

Lifestyles Motors & Bike Show 2011 ကဏ္ဍတွင် Cosmetic, Computer & Mobile Accessories, Building Materials, Cable & Wire, Construction & Materials, Education Services, Electrical, Fashion, Foodstuffs, Furniture, Gas Cookers & Accessories, Generators & Transformers, Hospitals, Medical Equipment & Medicines အစရှိသော ကုန်ပစ္စည်းများ၊ Motors ကဏ္ဍတွင် Motors industry, Car Wheels, Tyres & Tubes, Car Spare Parts & Accessories, Lubricants အစရှိသော ကုန်ပစ္စည်းများနှင့် Bike Show ကဏ္ဍတွင် Motor Cycle & Accessories Parts ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၀၀ကျော် ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

ပြပွဲတွင် အရောင်းပြခန်းသို့မဟုတ်ပြပွဲ၏ လုပ်ငန်းတံဆိပ် LOGO Sponsor များအဖြစ် ပါဝင်လိုပါက ဦးသန်းထွေး(ဥက္ကဋ္ဌ) M G B Business Group ၊ အမှတ် ၇၈ ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၂၅၆၀၄၈ ၊ ၀၉-၅၁၂၃၃၄၅ နှင့် ဦးမင်းအောင် (Super Power) ဖုန်း-၀၁-၇၀၄၈၁၄ နှင့် ၀၉-၅၀၀၄၅၂၃ တို့တွင် ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ အမှတ် ၃၆၊ (ယခင်) ဇေယျာဝတီလမ်း၊ (ယခု)ဗဟိုလမ်း(မြေညီထပ်) (ခြေရင်းခန်း)(ယာ)၊ အလျား×အနံ (၂၁×၅၀)ပေ၊ အမြင့် ၁၇ပေရှိ ဆောက်လုပ်ဆဲတိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းကို ပိုင်ဆိုင်သူအကျိုးခံစားခွင့်ရရှိသူ အောင်သီဟဆောက်လုပ်ရေးကန်ထရိုက်တာ ဦးခင်မောင်အေး ၁၂/မရက(နိုင်) ၀၁၄၀၄၇သည် ကျွန်ုပ်၏မိတ်ဆွေသို့ရောင်းချရာ ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းသူထံပေးချေထားပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိမိလှိုင် (LL.B)
တရားရုံးချုပ်ရှေ့နေ (စဉ်-၅၃၅၄)
အေရှပလာဇာ၊ အခန်း(၀၂-၂၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဇေယျာသုခလမ်း၊ အမှတ် ၁၁၄၈ ရှိ တစ်လွှာလျှင် ၂၈ ပေနှင့် ပေ၅၀၊ ငါးလွှာ (ဝဲ+ယာ)+ ခြောက်လွှာ(ဝဲ+ယာ) လေးခန်းတွဲသီးသန့်တိုက်ခန်းကို ပိုင်ဆိုင်သော ဒေါ်မိမိ ၉/မရတ(နိုင်)၀၆၂၉၄၁ ထံမှ ကျွန်မအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မခင်လေးထိုက်
အမှတ် ၈၈၊ (၆/ခ) ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်၊
ဖုန်း-၀၉-၅၁၄၁၇၂၇၊ ၀၉-၅၁၆၆၀၇၆။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုပ်တိုး

သွားတိုက်ဆေး သုံးစွဲသူများ ကံထူးရှင် ရွေးချယ်

ရန်ကုန် မတ် ၅

Shine သွားတိုက်ဆေးက သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တတိယဆု ငွေကျပ်သိန်း၃၀နှင့် အခြားဆုမဲများ ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနားကို မတ် ၂ရက် နံနက်၉နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများက မော်တော်ဆိုင်ကယ် သုံးဆု၊ ကွန်ပျူတာလက်တော့ပ်လေးဆု၊ ၂၄လက်မ LCD တီဗွီသုံးဆု၊ အဝတ်လျှော်စက်နှစ်ဆု၊ ဖုန်းဟမ်းဆက်တစ်ဆု၊ ကင်မရာသုံးဆု၊ ရေအေးစက်တစ်ဆု၊ ထမင်းပေါင်းအိုးငါးဆု၊ လျှပ်စစ်ဟင်းချက်အိုးလေးဆု၊ လျှပ်စစ်ရေနွေးကရားလေးဆု၊ EVD စက်ခုနစ်ဆု၊အခြားဆုမဲများနှင့်တတိယဆုငွေကျပ်သိန်း၃၀ ကံထူးရှင်တစ်ဦးတို့အား မဲနှိုက်ရွေးချယ်ပေးကြရာ တတိယဆု ငွေကျပ်သိန်း၃၀ ကံထူးရှင်အမှတ်မှာ (၀၅၃၅၇၇၃)ဖြစ်သည်။

Shine သွားတိုက်ဆေးမှ ဒုတိယဆု ငွေကျပ်သိန်း ၅၀နှင့် အခြားဆုမဲများကို မေလဆန်းတွင် လည်းကောင်း၊ ပထမဆု ရွှေ၁၀ကျပ်သားနှင့် အခြားဆုမဲများကို ဇူလိုင်လဆန်းတွင် လည်းကောင်း မဲနှိုက်၍ ကံထူးရှင်ရွေးချယ်မည့်အပြင် အထူးဆုအနေဖြင့် ကိုရီးယားခရီးစဉ်အတွက် ကံထူးရှင်ကိုလည်း ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Shine သွားတိုက်ဆေးမှ သွားနှင့်သွားဖုံးများ ဆွေးမြည့်ယိုယွင်းမှုနှင့် သွားပိုးစားခြင်းမှ ကာကွယ်ပေးပြီး သွားများကို ဖြူဖွေးသန့်ရှင်းစေသည့် Cavity Protection သွားတိုက်ဆေး၊ ဥရောပမှ ဆေးဖက်ဝင် သစ်ပင်တစ်မျိုးဖြစ်သည့် Herb (Sage Leaf) မှ ပြုလုပ်ထားပြီး ခံတွင်းကို ပိုမိုအေးမြစေသည့် Menthol Fresh သွားတိုက်ဆေးနှင့် လက်ဖက်စိမ်းကို အခြေခံထုတ်လုပ်ထားသည်။

ထို့အပြင် အသုံးပြုရာတွင် ပေါ့ပါးသွက်လက် လွယ်ကူစေသည့် Shine Toothbrush (Classic) သွားတိုက်တံနှင့် လက်ကိုင်ကိုလည်း အထူးစီမံပြုလုပ်ထားခြင်းကြောင့် မိမိရရ ကိုင်တွယ်အသုံးပြုနိုင်ကာ သွားနှင့်သွားဖုံးရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်မည့် Shine Toothbrush (Deep Reach) သွားတိုက်တံ စသည့် သွားတိုက်တံအမျိုးအစားနှစ်မျိုးတို့ကို ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ရုံးခန်းမ၌ ကျင်းပရာ ကျေးရွာသာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသောင်းမြင့်က အသင်းဝင်အဆိုပြုလွှာ ၄၃၁၈စောင်ကို ခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးထံ ပေးအပ်စဉ်။ (၁၈၄)

ကွင်းဆင်းစစ်ဆေး

ပခုက္ကူမြို့နယ် ကမ္မစျေး ရောင်းချမှုအခြေအနေကို မတ် ၁ ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းစစ်ဆေးရာ ဒုတိယ ဦးစီးမှူး ဦးဘွေကြီးအောင်နှင့် ကမ္မစျေး တာဝန်ခံ ဦးကျော်တင့်တို့ ရှင်းလင်းပြသစဉ်။ (၁၀၂)

အင်းတော်မြို့နယ် မော်လူးဘူတာရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၂ရက်က အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်ဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြေကြီး မြေပုံ၊ မြေစာရင်းမှန်ကန်ရေး ဒေးဒရဲ၌ လယ်ယာသန်းခေါင်စာရင်း ကောက်ယူ

ဒေးဒရဲ မတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြေစာရင်း/ပုံနှိပ်)ဦးစောလှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီး ဒုတိယမြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်၊ ဖျာပုံခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးခင်စိုးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကြင်သောင်းတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉ နာရီကဒေးဒရဲမြို့နယ်ချောင်းဖျားကျေးရွာအုပ်စု ကုလားစုကျေးရွာတွင် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းနောက်ဆက်တွဲကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။ညွှန်ကြားရေးမှူး ဦးစောလှိုင်သည် ဒေးဒရဲမြို့နယ်တွင် ၂၀၁၀-၂၀၁၁ခုနှစ် မြေတိုင်းရာသီအတွင်း ပြန်တိုင်းကွင်းငါးကွင်းကိုခေတ်မီမြေတိုင်းကိရိယာဖြင့် ကွက်ကျဲတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်သည်။

(ဝဲပုံ)

စစ်ဆေး

အလားတူပင် ဖေဖော်ဝါရီ ၂၄ရက်ကလည်း ဖျာပုံခရိုင်အတွင်းရှိ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များတွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူမှုများကို ကွင်းဆင်းသွားရောက်လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။**(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။ (မီးသတ်ဦးစီးဌာန)

ထူးခြားသည့် နေ့အပူချိန်များ ၅-၃-၂၀၁၁

ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၀ ဒီဂရီစင်တီဂရိတ်

လမျက်နှာပြင်စေလွှတ်မည့် စွမ်းအားကြီးမားသည့်ဒုံးပျံ

မောင်မောင်မြင့်ဆွေ ရေးသားသည်

လူလိုက်ပါမည့် အာကာသယာဉ်ဒုံးပျံတစ်စင်းကို တည်ဆောက်ပြီး လမျက်နှာပြင်ကို လေ့လာရန် တရုတ်သိပ္ပံပညာရှင်များက ကြိုးစားလျက်ရှိရာ မကြာမီ စွမ်းအားကြီးမားသည့် အာကာသဒုံးပျံအမျိုးအစားသစ်ကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

ပိုမိုအရွယ်အစားကြီးမား

လူလိုက်ပါနိုင်မည့် လမျက်နှာပြင်ဆင်းယာဉ်ကို သယ်ဆောင်ပျံသန်းမည့် စွမ်းအားမြင့် ဒုံးပျံယာဉ်ဒီဇိုင်းပုံစံကို တရုတ်ပညာရှင်များက စတင်တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။ ၄င်းဒုံးပျံသစ်သည် တရုတ်နိုင်ငံ၏ လက်ရှိအကြီးဆုံးဖြစ်သည့် ဒုံးပျံထက် ငါးဆကျော် ပိုမိုအရွယ်အစားကြီးမားသည်။

လေ့လာမှုများပြုလုပ်

အဆိုပါဒုံးပျံသစ်မှာ ကမ္ဘာပေါ်၌ လက်ရှိအကြီးဆုံးဟု သတ်မှတ်ထားသည့် ဒုံးပျံယာဉ်ထက် နှစ်ဆကြီးမားသည့်အပြင် အလေးချိန်မှာ တန် ၁၃၀ ရှိမည်ဖြစ်ကြောင်း တရုတ်ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ လီအင်းက ထုတ်ဖော်ပြောကြားသည်။ လောလောဆယ်တွင် ၄င်းဒုံးပျံအတွက် နည်းပညာများ၊ နည်းစနစ်များ ဖြည့်ဆည်းရန် လေ့လာမှုများ ပြုလုပ်နေပြီဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁